ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်၊ တနင်္ဂနွေနေ့ (17-2-2013) (၇၃၉၉)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ဒေသဝမ်းစာဖူလုံရေး စိုက်ပျိုးရေးနှင့် မွေးမြူရေးကို တိုးချဲ့လုပ်ကိုင်ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ခင်အောင်မြင့်၊ ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှ ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ချင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးနိုထန်ကပ်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် ရဟတ်ယာဉ်များဖြင့်ထွက်ခွာခဲ့ပြီး ချင်းပြည်နယ် ဖလမ်းခရိုင် တီးတိန်မြို့သို့ ရောက်ရှိသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား ချင်းပြည်နယ်အစိုးရအဖွဲ့မှ ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် နယ်မြေခံတပ်ရင်းဧည့်ရိပ်သာ၌ တီးတိန်မြို့နယ်၊ တွန်းဇံမြို့နယ်နှင့် ကျီခါးမြို့နယ်ခွဲတို့မှ အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံရာ၌ အုပ်ချုပ်ရေးမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေမှုများနှင့်လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးများက ဒေသဖွံ့ဖြိုးရေးအတွက် ဝန်ကြီးဌာနအလိုက် ပံ့ပိုးကူညီနေမှုများကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက ဒေသ၏ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားရာ၌ ဤဒေသတွင် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန် အခွင့်အရေးမပေးသော်လည်း ဒေသဝမ်းစာဖူလုံရေးအတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို တိုးချဲ့လုပ်ကိုင်ဆောင်ရွက်ကြစေလိုကြောင်း၊ **စာမျက်နှာ ၈ ကော်လံ ၅ သို့ ❖**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တီးတိန်မြို့နယ်၊ တွန်းဇံမြို့နယ်နှင့် ကျီခါးမြို့နယ်ခွဲတို့မှ မြို့မိမြို့ဖများနှင့် တွေ့ဆုံပြီး အမှတ်တရလက်ဆောင်များ ပေးအပ်စဉ်။ (သတင်းစဉ်)

Well Developing ရေမှုတ်ခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်။

ကျေးလက်ဒေသဖွံ့ဖြိုးရေး ဒေသခံပြည်သူများ တက်ညီလက်ညီပူးပေါင်းပါဝင်

တွေ့ဆုံမေးမြန်း ➢ မြင့်ဝေလှိုင်၊ ဓာတ်ပုံမှတ်တမ်း ➢ မောင်မောင်သန်း(ကော့မှူး)

ကျေးလက်ဒေသတွင် နိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်း နေထိုင်လျက်ရှိသည်။ ပြည်သူအများစုနေထိုင်သည့် ကျေးလက်ဒေသဖွံ့ဖြိုးမှ နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည်။ ထို့ကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် လယ်သမားများ ဝင်ငွေတိုးတက်ရေးလုပ်ငန်းစဉ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဒေသခံကျေးလက်ပြည်သူများ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည်လည်း အပါအဝင်ဖြစ်ရာ အဆိုပါဌာနမှ ပါဝင်ဆောင်ရွက်နေမှုများကို ဦးစီးဌာနညွှန်ကြားရေးမှူး ဦးခင်မောင်ချိုနှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာထွန်းလွင်တို့အား တွေ့ဆုံမေးမြန်းခဲ့ပါသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✻

ယနေ့ မာတိကာ

မမေ့မလျော့ မပေါ့မတန် စာမျက်နှာ - ၂
မင်းဘူးရွှေစက်တော်ဘုရားပွဲဖွင့်ပြီ စာမျက်နှာ - ၃
မြောက်ကိုရီးယားက ဒုံးပစ်စင်အဆင့်မြှင့် စာမျက်နှာ - ၄

" အထူးလျှော့ဈေး ဦးရာလူစနစ် "
SHOWROOM တွင်ရှိသောကားမြောက်များစွာကို လူကြီးမင်းတို့ထင်မှတ်မထားသောဈေးနှုန်းများဖြင့် ရောင်းချပေးနေပါသည်။

BPS auto Billion Power Services Co., Ltd
CAR SALE CENTRE
✔ ဝယ်လက်မရှိသောသူများအတွက်လည်း အမည်ပေါက်ရအောင် ဆောင်ရွက်ပေးနိုင်ပါသည်။
အမှတ် (၅၃), ပြည်လမ်း,(၉) မိုင်, မရမ်းကုန်းမြို့နယ်, ရန်ကုန်မြို့,ဖုန်း- 09- 431 66 888, 431 44 888, 431 35 888. www.bas.com.mm/ www.madeinmyanmar.com.mm

ကြေးမုံစာတည်းရှုထောင့် **၁၇-၂-၂၀၁၃၊ တနင်္ဂနွေနေ့**

မမေ့မလျော့ မပေါ့မတန်

"ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ။

ဝယ ဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ" ဟူ၍ မြတ်ဗုဒ္ဓက နောက်ဆုံးစကား မြွက်ကြားထားပါသည်။

ထိုပါဠိ၏အနက်မှာ "ချစ်သား ချစ်သမီးတို့ ဤယခုအခါ၌ တိုတို ကျဉ်းကျဉ်း လိုရင်းအားဖြင့် သင်တို့ကို ငါဘုရားသည် မိန့်မှာတော်မူ၏။ ကံ-စိတ်-ဥတု-အာဟာရ တည်းဟူသော အကြောင်းတရားလေးပါး သင်္ခါရ တရားတို့သည် ပျက်တတ်သောသဘောရှိကုန်၏။ သင်တို့သည် မမေ့မလျော့ မပေါ့မဆသော သတိတရားဖြင့် ပြည့်စုံ၍ နေကြကုန်လော့"ဟူ၍ ဖြစ်သည်။

မြတ်စွာဘုရားရှင် ဟောကြားထားသော အကြောင်းတရားဖြစ်သည့် ကံ-စိတ်-ဥတု-အာဟာရ ဤလေးပါးသည် မမြဲသော သဘောတရားဖြစ်သည်ကို မိဘပြည်သူတို့ သိရှိနားလည်ပြီးသား ဖြစ်ပါမည်။ သို့သော်လည်း လက်ရှိ ကာလတွင် ကံကိုလည်းမမှု၊ စိတ်ကိုလည်း ဂရုမစိုက်၊ ဥတုကိုလည်း သတိမထား၊ အာဟာရဆိုလျှင်လည်း ကြုံသလိုစားသဖြင့် အပျက်တရားတို့ တိုး၍ ဖြစ်လာသည်ကို တွေ့ရပါသည်။

ထို့ကြောင့် မြတ်စွာဘုရားရှင်က ဆုတ်ကပ်ကိုဝိဂြိုဟ်ပြုသော ကာလဝယ် မမေ့မလျော့ မပေါ့မဆသော သတိတရားဖြင့် ကျင့်ကြံနေထိုင်ကြရန် သတိပေးမိန့်ကြားခဲ့ခြင်းဖြစ်ပါသည်။

ကံဟူသည်ကား မိမိကံသတ္တိစွမ်းအားရှိသလောက် မိမိတို့၏ ရုပ်ခန္ဓာကြီး ပဋိသန္ဓေတည်စ အမိဝမ်းတွင်းကစ၍ လက်ရှိဘဝအခြေအနေတိုင် စီမံဖန်တီး ထားသော အရာဖြစ်ပေသည်။ ထိုသို့ဖန်တီးထားရာတွင် ရှေးကံ ကုသိုလ်၊ အကုသိုလ်အကျိုးပေးရှိသလောက် စီမံဖန်တီးထားရာ လက်ရှိတွင် ကုသိုလ်ထက် အကုသိုလ်က များလာသည်ကို တွေ့ရပေသည်။

တစ်ဖန် ကံရှိသလောက် လူဟူ၍ဖြစ်လာသော်လည်း ထိုလူတို့၏စိတ် ကလည်း ထပ်မံပြုပြင်ပြန်လေသည်။ ယနေ့လက်ရှိတွင် စိတ်၏ပြုပြင်မှုမှာ များလှ၏။ ယင်းစိတ်များသည်ပင် လောကကို ခြယ်မှုန်းလျက်ရှိ၏။ "စိတ်ပျိုတော့ ကိုယ်နု"ဆိုသည့်အတိုင်း စိတ်ချမ်းသာသူတို့မှာ ကြည်လင်သောရုပ်ဖြင့် ထိုက်တန် သမျှ ကျန်းမာအောင် စွမ်းဆောင်နိုင်လေသည်။ သို့သော် အလွန်နည်းပါးနေပါပြီ။

"စိတ်ထောင်းတော့ ကိုယ်ကျေ"ဟု ပြောရိုးရှိသည့်အတိုင်း သာမန်စကားပြော မတည့်၍ စိတ်မကောင်းသောအခါ ချိုနေသောမျက်နှာသည်ပင် ပျက်ခြင်း၊ စိတ်မချမ်းသာသဖြင့် ညှိုးနွမ်းသော ရုပ်လက္ခဏာများဖြစ်ခြင်းတို့ များလာသည် ကိုလည်း တွေ့ရသည်။

တစ်ခါ ဥတုကလည်း ရုပ်ကိုပြုပြင်ပြန်သည်။ သာယာသောဥတု၊ သန့်ရှင်း သောနေရာ၊ ကောင်းမွန်သော ဝန်းကျင်မရှိသောအခါ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ကင်းဝေးရ၏။ တောတောင်တို့သည် မိုးကောင်း သောအခါ တိုးတက်ပြန့်ပွားပြီး ဥတုမကောင်း၍ မိုးနည်းသောအခါ ညှိုးနွမ်း ခြောက်သွေ့သကဲ့သို့ လူတို့သည်လည်း ဥတုကောင်း၏။ မကောင်း၏ အပေါ် လိုက်ပါ၍ ဥတုဇရုပ်များ ပြောင်းကြရ၏။

နောက်ဆုံးတရား အာဟာရတည်းဟူသော စားသမျှအစာ၌ (သောက်သုံးရေအပါအဝင်) ပါရှိသောဩဇာအလိုက် ရုပ်ကိုဖြစ်စေပြန်သည်။ မိမိတို့နှင့်သင့်သော အစားအသောက်နှင့် ဆေးတို့ကို မှီဝဲနိုင်မှသာလျှင် ကောင်းသော ရုပ်ဖြစ်ကာ ဝဖြိုးကြည်လင် ကျန်းမာစေနိုင်ပါသည်။ မသင့် သော အစာ၊ ဆေးသောက်သုံးမိ၍ မကောင်းသော ရုပ်များတိုးပွားကာ ညှိုးနွမ်း ခြောက်သွေ့၍ ရောဂါရကြသည်မှာ မျက်မြင်ပင်ဖြစ်သည်။

ဤတရားလေးပါး ဖြစ်အင်ကို သတိပြုဆင်ခြင်၍ ယခုဘဝ ကိုယ်စိတ် နှစ်ပါး ကျန်းမာချမ်းသာရေး၊ နောင်သံသရာတွင် ဘဝကောင်းကို ရရှိရေး အတွက် အရေးပါဆုံးသောအချက်ဖြစ်သည့် ကံတည်းဟူသော ကောင်းသော ကံတို့နှင့် အခါအခွင့်သင့်အောင် ကိုယ်၊ နှုတ်၊ စိတ်သုံးပါးကို ကောင်းစွာ စောင့်ထိန်း၍ ကောင်းသောကံများ တိုးပွားအောင် ကျင့်ကြံအားထုတ်ကြရ မည်ဖြစ်သည်။

မြတ်စွာဘုရားရှင်၏ နောက်ဆုံးမြွက်ကြားချက်ကို လိုက်နာမှသာ လူသား အားလုံး ကိုယ်စိတ်နှလုံး ကျန်းမာချမ်းသာကြမည်ဖြစ်ပါသည်။ ။

တာဝန်ခံခေါင်းဆောင် သင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် ဂျပန်နိုင်ငံတားမြစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် တာဝန်ခံ ခေါင်းဆောင်သင်တန်း (Leadership Doping Control Officer Training Course) ဆင်းပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) သင်တန်း ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသား အားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက် အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် ယခုသင်တန်းသည် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ပြိုင်ပွဲဝင်နိုင်ငံများမှ အားကစားသမားများ အောင်နိုင်မှုရရှိသည့်အခါ တားမြစ်ဆေးဝါး သုံးစွဲထားခြင်းကြောင့် ရရှိခြင်း(သို့မဟုတ်) ပင်ကိုစွမ်းရည်ကောင်းသောကြောင့် ရရှိခြင်းလားဆိုသည်ကို ခွဲခြားသိရှိနိုင်ရန်အတွက် စစ်ဆေးပုံအဆင့်ဆင့်ကို သိရှိနားလည်စေရန် စစ်ဆေးမှုပြုလုပ်နေစဉ်အတွင်း ပေါ်ပေါက်လာမည့် ပြဿနာများကို ကျွမ်းကျင်လျင်မြန်စွာ ဆုံးဖြတ်ဖြေရှင်းနိုင်ရန်အတွက် ရည်ရွယ်ပြီး ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဂျပန်နိုင်ငံတားမြစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ချုပ် JADA မှ Testing Group Senior Manager Ms. Chika HIRAI မှ အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယဉ်ကျေးမှုကဏ္ဍနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၆

မန္တလေးမြို့ရှိ ရွှေနန်းတော်ကျောင်း ထိန်းသိမ်းပြုပြင်ရေးအတွက် နည်းပညာနှင့် အကူအညီပေးရေး၊ ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများထိန်းသိမ်းပြုပြင်ရေးနှင့် အနာဂတ်တွင် ယဉ်ကျေးမှုကဏ္ဍနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့် အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပညာရေးနှင့် ယဉ်ကျေးမှုရေးရာဌာနမှ Assistant Secretary Ms. Judith Stock ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ရုပ်မြင်သံကြား ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရန် ဖိတ်ခေါ်ခြင်း

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနား ကျင်းပပုံကို တိုက်ရိုက်ထုတ်လွှင့်ခြင်းအတွက် လည်းကောင်း၊ IBC (International Broadcasting Centre) ဆိုင်ရာ လုပ်ငန်းကိစ္စအဝဝ ဆောင်ရွက်ရန်အတွက်လည်းကောင်း၊ အားကစားနည်း (၇)မျိုးအတွက် တိုက်ရိုက်ထုတ်လွှင့်ပြသမှုဆောင်ရွက်ရန်အတွက်လည်းကောင်း ရုပ်မြင်သံကြားဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလိုသည့် ပြည်တွင်း၊ ပြည်ပမှ ကုမ္ပဏီများအနေဖြင့် အဆိုပြုလွှာများကို ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (တပ်ကုန်း)သို့ ၂၈-၂-၂၀၁၃ ရက်နေ့ နောက်ဆုံးထား၍ ပေးပို့နိုင်ပါကြောင်းနှင့် လူကိုယ်တိုင်လာရောက် ဆက်သွယ်ရှင်းပြရမည့် နေ့ရက်ကို ထပ်မံသတ်မှတ် ပြန်ကြားသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၇-၂-၂၀၁၃ (တနင်္ဂနွေနေ့)

၇း၀၃	တရားတော်
၁၁း၂၉	ကာတွန်းအစီအစဉ်
	-ကမ္ဘာကျော်အိပ်ရာဝင်ပုံပြင်များ (အပိုင်း-၄၆)
၁၁း၄၀	မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင်
	-ရွှေဖူးစာမှန်ရင်
၁း၃၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
	-ဒဏ်ရာများနဲ့ချစ်သူ(အပိုင်း-၂၂)
၄း၂၀	လျှပ်တစ်ပြက်
၆း၂၃	ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
	-ရွှေရောင်လွှမ်းမယ့်တို့မနက်ဖြန် (အပိုင်း-၆)
	-ပဟေဠိနန်းတော်
	-ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **"Cross of Iron"**အပိုင်း(၂) (ဇာတ်သိမ်းပိုင်း)
	-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နှုတ်ဖျားထက်ကသစ္စာ"အပိုင်း(၆၂)

စာကိုများများဖတ်ရန်ထက် တွေးတောစဉ်းစားရန်လို

စာရေးဆရာကြီးအောင်သင်း စာပေလောကသို့ ဝင်ခါစကဖြစ်သည်။ ဆရာသည်ဘွဲ့ရပြီးခါစ စာကိုရေးစ ပြုနေသည်။ ဇာတိတောင်တွင်းကြီးမှာရှိသော ယဉ်ကျေးမှု ပြတိုက်အတွက် ကူညီလုပ်ကိုင်ပေးနေ၍ တောင်တွင်းကြီးသို့ တစ်လတစ်ကြိမ်လောက်ပြန်နေချိန်။ တောင်တွင်းကြီး ပြတိုက်မှ လုပ်ဖော်ကိုင်ဖက်များက ပြတိုက်တွင်ချိတ်ဆွဲရန် ပန်းချီကားများလိုသည်။

ထိုစဉ်က ပန်းချီကားများကို ဝယ်ယူစုဆောင်းလေ့ရှိသော ရန်ကုန်သတင်းစာတိုက်အယ်ဒီတာချုပ် ဆရာမြို့မမောင်ထံ ပန်းချီကားသွားရောက်အလှူခံရန် ဆရာအောင်သင်းကို တာဝန်ပေးသည်။ ဆရာကြီးမြို့မမောင်မှာ နယ်ချဲ့ခေတ်က ဆယ်သန်းဂျာနယ်နှင့် သတင်းစာထုတ်ခဲ့သူဖြစ်သည်။ ခေတ်ကြီးကို အတင်းပြောင်းပစ်မယ်ဟုသူ့ရဲ့ကြွေးကြော်သံကို သတင်းစာမှာ စာလုံးကြီးနှင့် ထည့်ရိုက်သည်။

ဆရာအောင်သင်းကလည်း ဆရာကြီး မြို့မမောင်ကို စိတ်ဝင်စားနေရာ တစ်နေ့တွင် ရန်ကုန်သတင်းစာတိုက်သို့ သွားပြီး ဆရာကြီးမြို့မမောင်ကို တွေ့ခွင့်တောင်းသည်။

ဆရာအောင်သင်းတွေ့ခွင့်ရ၍ တွေ့ဆုံကြသောအခါ ပြတိုက်အတွက် ပန်းချီကားအလှူခံရေးကိစ္စအပြင် စာဖတ်သော ကိစ္စကိုပါ ဆွေးနွေးဖြစ်သွားကြောင်း လွန်ခဲ့သော နှစ်အတန်ကြာက ဆရာအောင်သင်းက ဆောင်းပါး တစ်စောင် ရေးသားခဲ့သည်။

ဆရာမြို့မမောင်က "မောင်ရင်ဘွဲ့ရပြီးပြီဆိုတော့ ဘွဲ့ရပြီးတဲ့ လူငယ်တစ်ယောက်အနေနဲ့ စာတွေအတော် ဖတ်ခဲ့ပြီပဲ။ စာတွေအများကြီး ဖတ်နေဖို့လိုမယ်မထင်ပါဘူး။ စာတွေဖတ်ပြီး ဘာမှမတွေးခေါ်မစဉ်းစားဘဲ ဘာမှမလုပ်ရင် ဗဟုသုတတွေများတဲ့ လူညံ့တစ်ယောက်ဖြစ်နေမှာပေါ့။ စာနည်းနည်းပဲဖတ်ပြီး များများစဉ်းစားပေးဖို့လိုတယ်" ဟု ပြောကြားလေသည်။

ဆရာအောင်သင်းက ထိုအကြောင်းကို ပေဖူးလွှာမဂ္ဂဇင်းမှာ ဆောင်းပါးရေးခဲ့ဖူးပါသည်။ ထိုဆောင်းပါးကို သတိရတိုင်း ဆရာကြီး မြို့မမောင်၏ အဆိုအမိန့်ကို မကြာခဏသတိရနေမိပါ၏။ ယနေ့လူငယ်များ များများ စဉ်းစားကြပါကုန်။ ။

မြတ်ဆွေ



နည်းပညာသစ် မြင်ကွင်းသစ် ORIENT EYEWEAR

အရှေ့တိုင်းမျက်မှန်

အဝေး အနီး အလယ် စသည့် မြင်ကွင်းအားလုံး ကြည်လင်ပြတ်သားစေရန်
Multifocal Lens တပ်ဆင်လိုသူများကို အထူး ဖိတ်ခေါ်ပါသည်။

၃၆၁၊ ရွှေဘုံသာအထက်လမ်း၊ ရန်ကုန်မြို့။ ၀၉-၇၃၀၂၆၅၁၅

၇၂၊၂၆ Bလမ်း၊ (၈၁-လမ်းနှင့် ၈၂-လမ်းကြား)၊ မန္တလေးမြို့။ ၀၉-၄၀၂၅၅၃၉၅၁

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ စည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၁၆

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ (၁/၂၀၁၃)အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌဆရာတော်အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်၊ ဒုတိယဝန်ကြီး ဦးစိုးဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ရန်ကင်းမြို့နယ် ဓမ္မိကာရာမ ကျိုက်ပိကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဂုဏောသနက အဖွင့်ဩဝါဒကထာမြွက်ကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။**(အပေါ်ပုံ)**

ဆက်လက်၍ ၂၀၁၂ ခုနှစ် စက်တင်ဘာ ၂၂ ရက်က ကျင်းပခဲ့သော တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏(၂/၂၀၁၂) အစည်းအဝေးမှတ်တမ်းကို အတည်ပြုပြီး ဗဟိုပညာရေးအဖွဲ့ (၁/၂၀၁၃)အစည်းအဝေး တင်ပြချက်များကို ဆွေးနွေးဆုံးဖြတ်ကြသည်။

ယင်းနောက် နီပေါနိုင်ငံ လုမ္ဗိနီ မြန်မာ့ရွှေကျောင်းတိုက်၌ သီတင်းသုံးရန် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး)မှ ရဟန်းတော်နှစ်ပါး ရွေးချယ်စေလွှတ်ရေးနှင့် သုတေသနဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန ဖွဲ့စည်းပုံ စည်းမျဉ်း(မူကြမ်း)နှင့် စပ်လျဉ်း၍ ဖြည့်စွက်အတည်ပြုကြပြီး အထွေထွေကိစ္စများ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၇-၂-၂၀၁၃ (တနင်္ဂနွေနေ့)

၅း၁၀	"ကုသိုလ်လည်းရ ဝမ်းလည်းဝ" တရားတော်(ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
၆း၀၀	Morning@ MRTV-4
၁၀း၀၀	ခေတ်သစ်ပျိုမေ
၁၀း၅၀	သွားမယ်စားမယ် (Nooch Thai & Chines Restaurant)
၄း၅၀	ဓလေ့ရိုးရာမမေ့သာ
၁၁း၀၅	နုယဉ်ဆန်းထွင်ပန်းအလှဆင် (ပန်းခြင်း၊ တောင်းပြုလုပ်နည်း)

Barclays Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၉း၃၀	Liverpool - Swansea	(Fox Sports)

Spain Laliga ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၅း၃၀	Real Sociedad - Levante	(Fox Sports)
၁၀း၃၀	Valencia - Mallorca	(Star Sports)

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၃၀	Espanyol - Real Betis	(Fox Sports)
၂း၃၀	Real Madrid - Rayo Vallecano	(Star Sports)

*** ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

လယ်ယာစပါး ပြည့်အားထား တားဆီးကာကွယ် မီးရန်စွယ်

မင်းဘူးရွှေစက်တော် ဘုရားပွဲဖွင့်ပြီ

မင်းဘူး ဖေဖော်ဝါရီ ၁၆

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု) မြို့နယ်အတွင်း တည်ရှိသော သာသနာ့သမိုင်းဝင် မန်းရွှေစက်တော် ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၁၅ ရက် (တပို့တွဲလဆန်း ၅ ရက်နေ့)တွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

နံနက် ၈ နာရီတွင် အထက်စက်တော်ရာ တောင်ခြေရွှေစက်တော် ဂေါပကအဖွဲ့ရုံးရှေ့ မုခ်ဦး၌ မကွေးမြို့ အောင်မြေရတနာကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစသာရနှင့် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ထို့နောက် အောက်စက်တော်ရာ သံဥဩျောင်ကို ဖွင့်လှစ်ပေးပြီး တစ်ဆက်တည်း အထက်စက်တော်ရာကိုလည်း ဖွင့်လှစ်ပေးခဲ့သည်။

ဘုရားပွဲတော်သို့ လာရောက်ကြသော ဘုရားဖူးဧည့်သည်များ တည်းခိုနိုင်ရန် တည်းခိုဆောင်ပေါင်း ၆၀၀ ကျော်နှင့် ဈေးဆိုင်ပေါင်း ၇၀၀ ကျော် ခင်းကျင်းထားသည်ကို တွေ့ရသည်။ ပွဲတော်ကာလအတွင်း ဘုရားဖူးများ၏ လုံခြုံရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးနှင့် လျှပ်စစ်မီးများကို စနစ်တကျ စီစဉ်ဆောင်ရွက်ထားသည်။

ရွှေစက်တော်သို့ သွားနိုင်သည့် လမ်းများမှာ မကွေးမှ ဧရာဝတီတံတားကြီးကိုဖြတ်၍ မင်းဘူးမှ လေးပင်ရွာလမ်းအတိုင်း ရွှေစက်တော်သို့ လမ်းနှစ်လမ်းရှိသည်။ ယင်းလမ်းနှစ်လမ်းလုံးသည် ပုသိမ်-မုံရွာ လမ်းမကြီးကို ဖြတ်ပြီး မင်းဘူးမှ ရွှေစက်တော်သို့ ၃၄ မိုင်ဝေးသည်။ ပုသိမ်-မုံရွာလမ်းမကြီးမှ ရှစ်မိုင်ဆက် သွားရသဖြင့် ရှစ်မိုင်လမ်းဟုလည်းခေါ်သည်။ ဒုတိယလမ်းမှာ မင်းဘူး၊ လေးပင်၊ ပဒေါင်းမှ ဥယာဉ်ရွာကို ဖြတ်ကာသွားရ၏။ ၃၂ မိုင်ဝေးသည်။ ပုသိမ်-မုံရွာလမ်းအတိုင်း လာရောက်ကာ မင်းဘူး-လေးပင်ရွာ လမ်းနှစ်လမ်းမှ ရွှေစက်တော်ဘုရားအထိ သွားနိုင်သည်။ ပြည်မှ ဘုရားစုံဖူးပြီး ရွှေစက်တော်သို့ ဆက်၍ သွားနိုင်သည်။ ဘုရားဖူးများ၌လမ်းခရီးကို အသုံးများကြသည်။

ထို့ပြင် ချောက်မြို့ ဧရာဝတီမြစ်ကို ဖြတ်၍ တည်ဆောက်ထားသော အနော်ရထာတံတားမှ ဆိပ်ဖြူ-စလင်း-ပွင့်ဖြူလမ်းအတိုင်း ရွှေစက်တော်သို့ သွားရောက်နိုင်ကြသည်။ အိုင်းမဆည်ပေါင်လမ်းမှတစ်ဆင့် ပုသိမ်-မုံရွာလမ်းမကြီးအတိုင်း သွားရောက်နိုင်၏။ ရခိုင်ပြည်မှ ဘုရားဖူးများ အနေဖြင့် စစ်တွေ-အမ်း-မင်းဘူးလမ်းအတိုင်း ပဒါန်းရွာလမ်းခွဲမှ သွားနိုင်သည်။ မင်းဘူး-အမ်းတောင်ကြားလမ်း ဖြစ်သည်။ ဘုရားပွဲတော်ကို တပို့တွဲလဆန်း ၅ ရက်မှ တန်ခူးနှစ်ဆန်း ၅ ရက်အထိ ကျင်းပမည်ဟု သိရသည်။

(သတင်းနှင့်ဓာတ်ပုံ-မကွေးလှမြင့်)

နိုင်ငံတကာသတင်း

မြောက်ကိုရီးယားက ဒုံးပစ်စင် အဆင့်မြှင့်လျက်ရှိဟုဆို

ဝါရှင်တန် ဖေဖော်ဝါရီ ၁၆

မြောက်ကိုရီးယားနိုင်ငံသည် ၎င်း၏ဒုံးပစ်စင်နှစ်ခုအနက် တစ်ခုကိုအဆင့်မြှင့်တင်လျက်ရှိကြောင်း၊ ပိုမိုကြီးမားသော ဒုံးပျံကိုစမ်းသပ်ရန် ပြင်ဆင်နေခြင်းဖြစ်ဖွယ်ရာရှိကြောင်း အမေရိကန်ကျွမ်းကျင်သူများက ပြောကြားသည်ဟု ဖေဖော်ဝါရီ ၁၄ ရက်သတင်းတွင် ဖော်ပြသည်။

၂၀၁၂ ခုနှစ်ကတည်းက ဆွန်းဟေးဂြိုဟ်တုလွှတ်စင်၌ အရေးကြီးသောတိုးတက်မှုများ လုပ်ဆောင်ခဲ့ကြောင်း အနားလစ်ဇစ်ဖရောင် ၃၈ နေ့ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ပစ်စင်အသစ်၏ပတ်ဝန်းကျင်မှ လှုပ်ရှားမှုများက အီရန်နိုင်ငံ၏ အထောက်အပံ့များဖြစ်နိုင်ကြောင်း သက်သေပြသကဲ့သို့ဖြစ်သည်ဟု ဆိုသည်။ ဘာလ်တီမိုးရှိ ဂျွန်ဟော့ကင်းတက္ကသိုလ်မှ ယူအက်စ်-ကိုရီးယားသိပ္ပံဝက်ဘ်ဆိုက် အနားလစ်ဇစ်ဖရောင် ၃၈ နေ့က ဂြိုဟ်တုဓာတ်ပုံများကို အခြေခံထားခြင်းဖြစ်သည်။

ပစ်စင်အသစ်တည်ဆောက်ခြင်းကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ဂြိုဟ်တုဓာတ်ပုံများအရ ဆောက်လုပ်မှုပြီးစီးသည့်အခါ ၂၀၁၂ခုနှစ် ဒီဇင်ဘာလ၌ ပစ်လွှတ်ခဲ့သည့် ဒုံးပျံ'အန်ဟာ'ထက် သုံးဆ၊ လေးဆကြီးသော ဒုံးပျံများကို ပြယမ်းက စမ်းသပ်နိုင်မည်ဖြစ်ကြောင်း၊ တည်ဆောက်မှုမှာ ၂၀၁၆ ခုနှစ်တွင် ပြီးဆုံးမည်ဖြစ်ကြောင်း ယင်းဝက်ဘ်ဆိုက်က ဖော်ပြသည်။ ဂြိုဟ်တုဓာတ်ပုံများအရ ပစ်စင်အဟောင်း၌လည်း လှုပ်ရှားမှုများရှိနေသည်ဟု ထပ်မံဖော်ပြထားသည်။

ဘီဘီစီ။

မကြာသေးမီက အာကာသတွင်းသို့ မြောက်ကိုရီးယား၏ ဒုံးကျည်ပစ်လွှတ်မှု ပြုလုပ်ခဲ့ပုံကို တွေ့ရစဉ်။

နယူးဇီလန်နိုင်ငံ နော့သ်အိုင်းလင်းန်တွင် အင်အား ၆ ဒသမ သုညအဆင့်ရှိ ငလျင်လှုပ်

အော်ကလန် ဖေဖော်ဝါရီ ၁၆

နယူးဇီလန်နိုင်ငံ နော့သ်အိုင်းလင်းန်ဒေသတွင် အင်အား ၆ ဒသမ သုညအဆင့်ရှိ ငလျင်လှုပ်ကြောင်း၊ ငလျင်လှုပ်မှုကြောင့် သေကျေမှုနှင့် ပျက်စီးဆုံးရှုံးမှုသတင်းကို လတ်တလော မရရှိသေးကြောင်း ဖေဖော်ဝါရီ ၁၆ ရက်သတင်းတွင် ဖော်ပြသည်။

အဆိုပါငလျင်သည် ဖေဖော်ဝါရီ ၁၆ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီ ၁၆ မိနစ်တွင် လှုပ်ခြင်းဖြစ်ကြောင်း အမေရိကန်နိုင်ငံ ဘူမိဗေဒဌာနက ပြောကြားသည်။

နယူးဇီလန်နိုင်ငံသည် ကမ္ဘာပေါ်တွင် ငလျင်အများဆုံးလှုပ်သည့် နိုင်ငံများအနက် တစ်နိုင်ငံဖြစ်သည်။

အော်ကလန်မြို့ အရှေ့မြောက်ဘက်မှ ကီလိုမီတာ ၃၀၀အကွာ ရေအောက်အနက် ၂၀၄ ကီလိုမီတာကို ဗဟိုပြု၍လှုပ်ကြောင်း အမေရိကန်နိုင်ငံ ဘူမိဗေဒဌာနက ဖြည့်စွက်ပြောကြားသည်။

၂၀၁၁ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်က ဆောက်သ်အိုင်လင်းန်ကျွန်းရှိ ခရစ်ချက်မြို့တွင် ပြင်းအား ၆ဒသမ ၃အဆင့်ရှိငလျင်လှုပ်ခဲ့ရာ နယူးဇီလန်နိုင်ငံတွင် အဆိုးဆုံး ငလျင်လှုပ်မှုဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

အင်တာနက်။

ပါကစ္စတန်တပ်ဖွဲ့ဝင်ကို ပစ်သတ်ခဲ့ကြောင်း အိန္ဒိယ ပြောကြား

နယူးဒေလီ ဖေဖော်ဝါရီ ၁၆

နှစ်နိုင်ငံပိုင်ဆိုင်မှုအငြင်းပွားလျက်ရှိသည့် ကက်ရှ်မီးယားဒေသ၌ ပိုင်းခြားထားသောနယ်ခြားစည်းအား ဖေဖော်ဝါရီ ၁၄ ရက်က လမ်းမှားဝင်ရောက်လာသည့် ပါကစ္စတန်တပ်ဖွဲ့ဝင်တစ်ဦးကို ၎င်း၏တပ်ဖွဲ့က ပစ်သတ်ခဲ့ကြောင်း အိန္ဒိယကြည်းတပ်က ပြောကြားသည်။

မသင်္ကာဖွယ်ရာလှုပ်ရှားမှုကို အိန္ဒိယကြည်းတပ်က ပစ်ခတ်ထောက်လှမ်းရာမှ အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားပြီး ၎င်းပါကစ္စတန်သေဆုံးခဲ့ခြင်းဖြစ်သည်။ အိန္ဒိယဘက်မှ တပ်ဖွဲ့ဝင်နှစ်ဦးဒဏ်ရာရရှိခဲ့သည်။

ယင်းပစ်ခတ်မှုသည် နော်ရှီရာဒေသတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု အိန္ဒိယကြည်းတပ်က ပြောသည်။ ပါကစ္စတန်ကြည်းတပ် သတင်းအရင်းအမြစ်ထံမှလည်း ကော့လိဒေသ နယ်ခြားစည်းတစ်လျှောက်၌ ပစ်ခတ်မှုဖြစ်ပွားခဲ့သည်ဟု သတင်းရရှိသည်။ သို့သော် ထိုဖြစ်စဉ်နှစ်ရပ် ဆက်စပ်မှုရှိ၊ မရှိကိုမူ ရှင်းလင်းစွာမသိရပေ။

ယမန်နေ့ကတည်းက နယ်ခြားစည်းအနီး ၎င်းတို့၏ နယ်မြေဘက်တွင် မသင်္ကာဖွယ်ရာ လှုပ်ရှားမှုအချို့ကို ၎င်းတို့ထောက်လှမ်းရရှိခဲ့ကြောင်း၊ ၎င်းတို့ဘက်မှ စတင်ပစ်ခတ်ရာ ကျူးကျော်သူက ပြန်လည်ပစ်ခတ်ပြီးနောက် ပါကစ္စတန်တပ်ဖွဲ့ဝင် သေဆုံးခြင်းဖြစ်ကြောင်း၊ အိန္ဒိယစစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီးရာဂျစ်ခါလီယာ၏ ပြောကြားချက်ကိုကိုးကား၍ အေအက်ဖ်ပီသတင်းဌာနကဖော်ပြသည်။ ယင်းအချိန်က ကျူးကျော်လာသူသည် ပါကစ္စတန်တပ်ဖွဲ့ဝင်ဟု မသိကြောင်း ကျူးကျော်သူကိုသာ ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ပါကစ္စတန်ကြည်းတပ်က ၎င်း၏တပ်ဖွဲ့ဝင်သည် လမ်းပျောက်သွားသဖြင့် လမ်းမှားပြီး နယ်ခြားကိုကျော်လွန်သွားခြင်းဖြစ်ကြောင်း၊ ယင်းတိုက်ခိုက်မှုဖြစ်ပွားခြင်းကို အတည်ပြု၍ သေဆုံးသူတပ်ဖွဲ့ဝင်၏အလောင်းကို ပြန်လည်ပေးအပ်ရန် အိန္ဒိယအာဏာပိုင်များနှင့် ဆက်သွယ်မှုပြုလုပ်လျက်ရှိကြောင်း ပြောကြားသည်။

ဘီဘီစီ။

အိန္ဒိယနှင့် ပါကစ္စတန်တို့ ခွဲဝေထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသ၌ ပါကစ္စတန်တပ်ဖွဲ့ဝင်များ လုံခြုံရေးစောင့်ကြပ်နေစဉ်။

အီရတ်နိုင်ငံမြောက်ပိုင်းတွင် အသေခံဗုံးခွဲမှုများဖြစ်ပွား ခြောက်ဦးထက်မနည်းသေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၆

အီရတ်နိုင်ငံ မြောက်ပိုင်း နင်နီဗတ်နှင့် ဆလာဟူဒင်ပြည်နယ်တို့တွင် ဗုံးဖောက်ခွဲတိုက်ခိုက်မှု နှစ်ကြိမ် ဖြစ်ပွားရာ အသေခံဗုံးခွဲသမားနှစ်ဦး အပါအဝင် လူခြောက်ဦးသေဆုံးကြောင်း ရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၁၆ ရက်တွင် ပြောကြားသည်။

ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းက နင်နီဗတ်ပြည်နယ် မြို့တော်မိုဆူးလ်အနောက်ဘက်မှ ကီလိုမီတာ ၇၀ ကွာဝေးသော အယ်လ်အမာမြို့တွင် နေထိုင်သည့် စစ်ဘက်ဆိုင်ရာတပ်မှူးတစ်ဦး၏ နေအိမ်အနီး လူနှစ်ဦးချဉ်းကပ်လာရာ ရဲတပ်ဖွဲ့ဝင်များက လျင်မြန်စွာ ပြန်လည်ပစ်ခတ်ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှ အမည်မဖော်လိုသူတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ရဲသုံးဦးသေ

၎င်းတို့နှစ်ဦးသည် တပ်မှူး၏နေအိမ်အား ပစ်ခတ်ရန် ရောက်ရှိလာရာ အစောင့်များက ပြန်လည်ပစ်ခတ်ကြောင်း၊ ဖောက်ခွဲရေးပစ္စည်းများ တပ်ဆင်ထားသော အင်္ကျီများကို ဝတ်ဆင်ထားပြီး တစ်ဦးက ဖောက်ခွဲလိုက်ကြောင်း၊ ပေါက်ကွဲမှုပြင်းထန်သဖြင့် ဖောက်ခွဲရေးသမားနှစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင်သုံးဦး သေဆုံးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ခြေကုပ်စခန်း

နင်နီဗတ်ပြည်နယ်သည် ဘဂ္ဂဒက်မြို့ မြောက်ဘက်မှ ကီလိုမီတာ ၄၀၀ကွာဝေးပြီး အယ်လ်ခိုင်ဒါများအပါအဝင် စစ်သွေးကြွများ ကာလရှည်ကြာ ခြေကုပ်စခန်းအဖြစ် အသုံးပြုရာနေရာလည်းဖြစ်သည့်ပြင် ဆူပူအုံကြွမှုအများဆုံး နေရာလည်းဖြစ်သည်။

တရားသူကြီးသေဆုံး

ဘဂ္ဂဒက်မြောက်ဘက်မှ ကီလိုမီတာ ၂၀၀ ကွာဝေးသော ဆလာဟူဒင်ပြည်နယ် တပ်ဇ်ခါဖာတိုမြို့ရှိ တရားသူကြီးတစ်ဦး၏ကားတွင် ဗုံးကပ်၍ ဖောက်ခွဲလိုက်ရာ ၎င်းတရားသူကြီးသေဆုံး၍ သားဖြစ်သူ ဒဏ်ရာရရှိကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှ ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဆင်ဟွာ။

ညွှန်ကြားရေးမှူး
ဦးခင်မောင်ချို ဖြေကြားစဉ်။

✻ ကျေးလက်ဒေသမှ

မေး။ ။ဆရာခင်ဗျာ ယခုအခါမှာ နိုင်ငံတော်စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ လယ်သမားတွေ ဝင်ငွေတိုးတက်ရေး လုပ်ငန်းတွေကို အလေးထားဆောင်ရွက်နေတဲ့ နေရာမှာ ဆရာတို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကလည်း ပါဝင်ဆောင်ရွက်နေတယ်လို့ သိရပါတယ်။ ပါဝင်ဆောင်ရွက်နေမှု အခြေအနေကို သိပါရစေ။

ဦးခင်မောင်ချို။ ။ယခင် စည်ပင်သာယာရေးဦးစီးဌာနကို ၂၀၁၂ ခုနှစ် ဇွန်လကစပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရယ်လို့ ပြန်လည်ဖွဲ့စည်းခဲ့ပြီး ကျေးလက်ဒေသနေပြည်သူတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတို့အတွက် နိုင်ငံတော်မှ ချမှတ်ထားတဲ့ လုပ်ငန်းစဉ်တွေနဲ့အညီ ပါဝင်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါတယ်။

မေး။ ။ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ဦးစီးဌာနနဲ့ အဓိကလုပ်ငန်းစဉ်တွေကို သိပါရ စေ။

ဦးခင်မောင်ချို။ ။ လုပ်ငန်းတာဝန်အနေနဲ့ လုပ်ငန်းစဉ် (၁၂)ရပ် ချမှတ်ဆောင်ရွက်နေပါတယ်။ အဲဒါတွေကတော့ ကျေးရွာချင်းဆက်၊ ကျေးလက်နှင့်မြို့ဆက်နှင့် ခရိုင်ချင်းဆက် လမ်း/တံတားများ တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးခြင်း၊ ကျန်းမာသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကျေးရွာများ တည်ဆောက်ပေးခြင်း၊ ကျေးလက် မီးလင်းရေး ဆောင်ရွက်ခြင်း၊ ကျေးလက် ကုန်ထုတ်လုပ်ငန်းများ ဖော်ထုတ်ဆောင်ရွက်ပေးခြင်း၊ ကျေးလက်စီးပွားရေးလုပ်ငန်းများ ဖော်ထုတ် ဆောင်ရွက်ပေးခြင်း၊ ကျေးလက် ပြည်သူများအတွက် အသေးစားချေးငွေ လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကျေးလက်လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးခြင်း၊ ကျေးလက်ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများ ဖော်ထုတ်ထိန်းသိမ်းခြင်း၊ မြို့ပြနှင့် ကျေးလက်လူမှုစီးပွားကွာဟမှု ကျဉ်းမြောင်းစေရေးအတွက် မဟာဗျူဟာ အစီအမံများ ချမှတ်ဆောင်ရွက်ပေးခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ် (၈)ရပ်တွင် အကျုံးဝင်သော ကိစ္စရပ်များဆောင်ရွက်ခြင်း စတာတွေပဲ ဖြစ်ပါတယ်။

မေး။ ။အဲဒီလုပ်ငန်းတွေထဲက အရေးပါတဲ့လုပ်ငန်းတွေဖြစ်တဲ့ ကျေးလက်လမ်း/ တံတား ဖောက်လုပ်တည်ဆောက်ပေးနိုင်မှုနဲ့ ကျေးလက်ရေရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့မှုတွေကိုလည်း သိပါရစေ။

ဒုတိယညွှန်ကြားရေးမှူး
ဒေါက်တာထွန်းလွင် ဖြေကြားစဉ်။

ဦးခင်မောင်ချို။ ။အဲဒီလုပ်ငန်းတွေကို နိုင်ငံတော်ထောက်ပံ့ငွေ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းတွေ၊ နိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့အတူ ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှုနဲ့ပါ ဆောင်ရွက်ခဲ့ရာမှာ ယခုအခါမှာ ကျေးလက်လမ်း ၃၈၁၅၄ မိုင် ဖောက်လုပ်ပေးနိုင်ခဲ့ပြီး တံတား၁၂၁၂၄ စင်း တည်ဆောက်ပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ကျေးလက်ရေရရှိရေးအတွက် ပြည်သူတွေလှူဒါန်းမှု အပါအဝင် ကျေးရွာပေါင်း ၂၇၃၉၁ ရွာမှာ ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။

မေး။ ။ကျေးလက်အိမ်ရာ စီမံကိန်း အကောင်အထည်ဖော်ပေးနိုင်မှု အခြေအနေကိုလည်း သိပါရစေ။

ဒေါက်တာထွန်းလွင်။ ။ကျေးလက်နေပြည်သူတွေ လုံခြုံစိတ်ချစွာ နေထိုင်ရေးကို ဖြည့်ဆည်းပေးတဲ့အနေနဲ့ ကျေးလက်အိမ်ရာ စီမံကိန်းကို စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနဲ့ ဧရာဝတီတိုင်းဒေသကြီး စတဲ့ တိုင်းဒေသကြီး ခြောက်ခုမှာ စတင်ဦးစားပေး ဆောင်ရွက်ခဲ့ပါတယ်။ ကျန်တိုင်းဒေသကြီးနဲ့ ပြည်နယ် စုစုပေါင်း ရှစ်ခုမှာလည်း ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

မေး။ ။ဆောင်ရွက်ပြီးစီးမှု အခြေအနေကိုလည်း သိပါရစေ။

ဒေါက်တာထွန်းလွင်။ ။ဒီနေ့အချိန်ထိတော့ စစ်ကိုင်းတိုင်းဒေသကြီးမှာ ကျေးလက်အိမ်ရာ ၁၀၀၈ လုံး၊ မကွေးတိုင်းဒေသကြီးမှာ ၆၅၄ လုံး၊ မန္တလေးတိုင်းဒေသကြီးမှာ ၈၀၃ လုံး၊ ပဲခူးတိုင်းဒေသကြီးမှာ ၁၈၂၆ လုံး၊ ရန်ကုန်တိုင်းဒေသကြီးမှာ ၃၃၉ လုံး၊ ဧရာဝတီတိုင်းဒေသကြီးမှာ ၉၀၄ လုံး၊ အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာ ၈၄ လုံး စုစုပေါင်း ၅၆၁၈ လုံး တည်ဆောက်ပေးခဲ့ပြီးဖြစ်ပါတယ်။

မေး။ ။နိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မှု အခြေအနေကိုလည်း သိပါရစေ။

ဒေါက်တာထွန်းလွင်။ ။နိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုအဖြစ် ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ် (UNDP) နဲ့ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်၊ ကမ္ဘာ့ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) နဲ့ မြို့နယ် ၁၇ မြို့နယ်မှာ ရေပေးရေးနဲ့ ကျန်းမာသန့်ရှင်းရေးလုပ်ငန်း၊ ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးအစီအစဉ် (WFP) နဲ့ အစားအစာ ဖြန့်ဖြူးရေးလုပ်ငန်း၊ ကုလသမဂ္ဂမြို့ရွာနှင့်အိုးအိမ် ပြန်လည်ထူထောင်ရေး အစီအစဉ် (UN-HABITAT) နဲ့ပူးပေါင်းပြီး ကမ်းရိုးတန်းနဲ့ မြို့ပြဖွံ့ဖြိုးရေး အထောက်အကူပြု အစီအစဉ်၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) နဲ့ ပူးပေါင်းပြီး အပူပိုင်းဇုန်ကျေးလက်ရေ ရရှိရေးလုပ်ငန်းတွေ၊ အာရှ-ဂျပန် ပေါင်းကူးရေးအဖွဲ့ (BAJ) နဲ့ အပူပိုင်းဇုန် ရေရရှိရေး လုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

မေး။ ။ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် အနာဂတ်အစီအစဉ်နဲ့ ပတ်သက်ပြီး သိခွင့်ရရင်သိပါရစေ။

ဒေါက်တာထွန်းလွင်။ ။ သိခွင့်ရှိပါတယ်၊ ကျွန်တော်တို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရဲ့ အနာဂတ်လုပ်ငန်းစဉ်တစ်ခုထဲက အဓိကကျတဲ့ လုပ်ငန်းတွေဖြစ်တဲ့ ကျေးရွာချင်းဆက် လမ်း၊ တံတားစီမံကိန်း၊ ရေပေးရေး စီမံကိန်း၊ အသေးစားချေးငွေနဲ့ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုအစီအစဉ်၊ ကျေးလက်မီးလင်းရေးလုပ်ငန်းတွေကို စီမံကိန်းများ ချမှတ်ဆောင်ရွက်သွားမှာဖြစ်ပြီး နိုင်ငံတကာ အကူအညီများလည်း ဖိတ်ခေါ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီအစီအစဉ်တွေအနက် ကျေးရွာချင်းဆက် လမ်း၊ တံတားတည်ဆောက်ရေးမှာ ကျေးရွာချင်းဆက်လမ်း ၆၄၄၆ မိုင်နဲ့ တံတား ၁၅၁၆ စင်း ဖောက်လုပ်တည်ဆောက်ဖို့ လျာထားပါတယ်။ ဒီလုပ်ငန်းတွေ အချိန်တိုအတွင်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ဖို့ဆိုရင် ကျေးလက်နေဒေသခံပြည်သူတွေရဲ့ တက်ညီလက်ညီ ပူးပေါင်းပါဝင်မှုဟာလည်း လွန်စွာမှ ထိရောက်မှုရှိလှကြောင်း ပြောကြားလိုပါတယ်။ ယခုအခါမှာ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ လယ်သမားများ ဝင်ငွေတိုးတက်ရေး လုပ်ငန်းစဉ်များတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေနဲ့ စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားလိုပါတယ်။

မြောက်ဦး၌ မျက်စိအလင်းလှူပွဲ ကျင်းပ

မြောက်ဦး ဖေဖော်ဝါရီ ၁၆

(၁၁)ပါးမြောက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်အရှင်ကုန္ဒပါလ ဦးစီး၍ မျက်စိရောဂါပညာရှင် ဒေါက်တာ ဦးအေးထွန်းခေါင်းဆောင်သော မျက်စိအထူးကုဆရာဝန်ကြီးများဖြစ်သည့် ပါမောက္ခဒေါက်တာ ဦးစိုးညွန့်၊ ပါမောက္ခဒေါက်တာ ဦးသိန်းအောင်၊ ဒေါက်တာ ဦးစိုးမိုး၊ ဒေါက်တာ ဦးလှမောင်ဒင်၊ ဒေါက်တာဦးဇော်ထွန်း၊ ဒေါက်တာ ဒေါ်စောသိန်းနှင့် ရခိုင်ပြည်နယ် မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဦးမိုးကျော်၊ ဒေါက်တာ ဒေါ်ဥမ္မာဇင်နှင့် သူနာပြုအဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၉ ရက်မှ ၁၃ ရက်အထိ ရခိုင်ပြည်နယ် မြောက်ဦးမြို့သို့ သွားရောက်၍ ဆင်းရဲနွမ်းပါးပြီး ဒုက္ခရောက်နေကြသော လူနာများအား အခမဲ့ကြည့်ရှုခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

အလှူတွင် ပြင်ပလူနာ ၂၀၀၀၊ မျက်စိအကြီးစားခွဲစိတ်ကုသသူ ၂၃၈ ဦး၊ မျက်စိစမ်းသပ်သူ ၅၀၀၊ မျက်မှန်လှူ ၃၈၀ တို့အား လှူဒါန်းခဲ့သည်။ ထို့အပြင် အထွေထွေရောဂါသမားတော် ဒေါက်တာဦးထွန်းမြတ်၊ အရေပြားအထူးကု ဒေါက်တာဒေါ်ခင်မြလွင် (မန္တလေး) တို့က စုပေါင်းလူနာ ၁၅၀၀ ခန့်ကို စမ်းသပ်ကုသပေးပြီး မြောက်ဦးမြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ဦးခင်မောင်သန်းနှင့်အဖွဲ့က ကူညီပံ့ပိုးပေးကြသည်။ အလှူပွဲသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့်အဖွဲ့က လာရောက်အားပေးကြည့်ရှုကာ ဒုက္ခသည်များအတွက် အဝတ်အထည်၊ စောင် စသည့် ကယ်ဆယ်ရေးပစ္စည်းများကို ရခိုင်ဆရာတော်နှင့် ပါမောက္ခဒေါက်တာ ဦးသိန်းမြင့်သူမိသားစုက လှူဒါန်းကြောင်းသိရသည်။

(ကြေးမုံ)

မြောက်ပိုင်းဒေသများတွင် မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ယနေ့နံနက်၉နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲနှင့် ရှမ်းပြည်နယ်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီ စင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါး မြို့တွင် ၇ ဒီဂရီစင်တီဂရိတ်နှင့် ပူတာအိုမြို့တွင် ၈ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ကော့သောင်းမြို့တွင် ၁ ဒသမ ၀၂ လက်မနှင့် မြိတ်မြို့တွင် သုည ဒသမ ၁၂ လက်မတို့ ဖြစ်ကြသည်။



လျှောက်ကာသွက်သွက် ခရီးဆက်မည် မပျက်ဌွဲမာန်ဝင့်ဝင့်တည်း

မြင့်အောင်
(ဇေယျာမြေ)

ဖိုးသာအောင်တစ်ယောက် မြို့တော်ခန်းမက ပြန်လာပြီးကတည်းက စိတ်ထဲမှာ မတင်မကျဖြစ်နေတော့တယ်။ နံနက်ပိုင်းက စိုက်ပျိုးစရိတ်ရင်းနှီးမတည်ငွေ ထုတ်ချေးတာနဲ့ပတ်သက်ပြီး သမဝါယမနည်းလမ်းတွေနဲ့ သွားဖို့ဆွေးနွေး ဟောပြောတာတွေ နားထောင်ခဲ့ရတယ်လေ။ သူတို့ ပြောတာတွေ နားထောင်တုန်းကတော့ အဟုတ်သား။ ရှင်းသလိုလိုနဲ့ အခုနားထောင်ပြီးအပြန် ကိုယ်တိုင်က သမဝါယမအပေါ် ဇဝေဇဝါရှိနေရာ ဘေးကပါတွန်းပို့လိုက်တော့ မတင်မကျစိတ်တွေပေါ် တော့တာပေါ့၊ တွေးမိတွေးရာ၊ ငေးမိငေးရာနဲ့ လျှောက်အလာမှာ. . .

ကိုဇေယျာ။ ဟော. . . ကိုသာအောင်ကြီး၊ ဘာတွေးနေတာလဲဗျ။ လူတောင် ဝင်တိုက်မလိုဖြစ်နေတာ။

ဖိုးသာအောင်။ သြော်. . . ကိုဇေယျာပါလား။ ဟုတ်တယ်ဗျို့၊ တွေးတာကတော့ အစုံပဲ။ သမဝါယမစနစ်ဆိုလား၊ ဝိုင်းကြီးချုပ်ဆိုလား၊ မတည်ရင်းနှီးငွေဆိုလား။ နားထောင်တုန်းက ရှင်းသလိုလိုပဲ။အခုတော့ ရောကုန်ပြီဗျ။

ကိုဇေယျာ။ အခုလောလောဆယ်တော့ သမဝါယမအသင်းအချင်းချင်း ပံ့ပိုးငွေ၊ သမဝါယမဘဏ်ထုတ်ချေးငွေတွေနဲ့ ဆောင်ရွက်နေပြီး အနာဂတ်မှာတော့ Microfinance Bank နဲ့ ငွေကြေးအရင်းအနှီး ထုတ်ချေးတာမျိုးတွေ လုပ်သွားမှာဖြစ်ပါတယ်။ ပြီးတော့လည်း နိုင်ငံတကာအကူအညီတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ဖို့အထိ ရှိပါတယ်။ နောက်နောင်မှာ လယ်သမားတွေ ကိုယ့်ဘာသာရပ်တည်လာနိုင်အောင် ကျေးရွာတိုင်းမှာ သမဝါယမအသင်းဖွဲ့ပြီးတော့ အရင်းအနှီးမတည်ငွေ ထုတ်ပေးတဲ့စနစ်နဲ့ စတင်နေတာဖြစ်ပါတယ်။ ဒီနေရာမှာလည်း သမဝါယမရဲ့ မူအတိုင်း ပြည်သူ့ဆန္ဒကို အခြေခံမှာပါ။ မပါမနေရ မဟုတ်ပါဘူး။ စိတ်တူကိုယ်တူ ဆန္ဒတူသူတွေနဲ့ ဖွဲ့စည်းစေပြီး သူတို့ဆန္ဒအလျောက် အစီအမံတွေနဲ့ ဆောင်ရွက်စေမှာပါ။ ဒါကြောင့် ရရှိတဲ့အရင်းအနှီးအပေါ်မှာ ကိုယ်ပိုင်ဆန္ဒတွေနဲ့ တက်ညီလက်ညီ ကြိုးစားသွားကြဖို့ပဲရှိတာပေါ့ဗျာ။

ဖိုးသာအောင်။ ကိုဇေယျာပြောသလို ငွေကြေးတွေ ထုတ်ပေးတဲ့အခါမှာ ငွေကြေးပမာဏတွေများပြားလာမှာသေချာပါတယ်။ ဒီတော့ထုတ်ချေးတဲ့ငွေကြေးတွေ မဆုံးရှုံးရအောင် ဘယ်လိုအစီအစဉ်တွေနဲ့ လုပ်သွားမလဲဆိုတာ ပြောပြပါဦး။

ကိုဇေယျာ။ အဲဒါတော့ အရေးကြီးတယ်ဗျ။ အသင်းတွေ ရေရှည်တည်တံ့ဖို့ ဒီအချက်က အဓိကပဲ၊ ဒါကြောင့် အသေအချာပြောပြပ့ါမယ်။ ပထမဆုံးပြောရရင်တော့ ကျေးလက်နေပြည်သူတွေရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးစေဖို့ ရည်ရွယ်တဲ့အပြင် ဆန္ဒတူသူတွေသာ စတင်ဖွဲ့စည်းစေတာဖြစ်တဲ့အတွက် တစ်ပွဲတိုးလုပ်ပေးတာမဟုတ်ဘဲ ရေရှည်ရည်ရွယ်လုပ်ပေးတဲ့စနစ်ဖြစ်တယ်ဆိုတာ သိဖို့လိုတယ်ဗျ။ ကျွန်တော်တို့လုပ်တဲ့လုပ်ငန်းက အာမခံယူတဲ့ လုပ်ငန်းမဟုတ်ဘူး။ ဘာနဲ့ထိန်းရမလဲဆိုရင် ဝိုင်းကြီးချုပ်စနစ်နဲ့ ထိန်းသွားမှာပါ။ စောစောကပြောခဲ့သလို စိတ်တူကိုယ်တူ အချင်းချင်းတာဝန်ယူနိုင်တဲ့ ငါးဦး၊ ခြောက်ဦးအဖွဲ့လေးတွေ ဖွဲ့ပြီး အသင်းတစ်သင်းဖြစ်အောင် စီမံထားပါတယ်။ ဝိုင်းကြီးချုပ်ဆိုတဲ့ သဘောကလည်း အချင်းချင်းအာမခံပြီး အဓိကတာဝန်သုံးရပ်ကို လုပ်ပေးရမှာဖြစ်ပါတယ်။

ဖိုးသာအောင်။ ဘယ်လိုတာဝန်တွေလဲဗျ၊ စိတ်ဝင်စားစရာပဲ ပြောပြပါဦး။

ကိုဇေယျာ။ ဝိုင်းကြီးချုပ်ဖွဲ့ရတဲ့ ရည်ရွယ်ချက်လို့လည်း ပြောနိုင်တာပေါ့ဗျာ။ ပထမတာဝန်ကတော့ အဖွဲ့ဝင်တစ်ဦးက အလွဲသုံးစားမလုပ်အောင် တာဝန်ယူထိန်းသိမ်းရပါမယ်။ အလွဲသုံးစားဆိုတာက ရတဲ့ငွေကို ဖဲရိုက်မယ်။ အရက်သောက်မယ်။ နှစ်လုံး၊ သုံးလုံးထိုးမယ် ဆိုတာမျိုးပေါ့ဗျာ။ ဒုတိယအချက်ကတော့ ရရှိတဲ့ငွေကြေးနဲ့ မိမိတို့ ဆောင်ရွက်ရမယ့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေကို တကယ်လုပ်ဖို့ အချင်းချင်းထိန်းကျောင်းရမှာဖြစ်ပါတယ်။ တတိယတာဝန်ကတော့ အဲဒီချေးငွေကို ဝန်ဆောင်စရိတ်(အတိုး)ရော (အရင်း)ပါ မှန်မှန်ပြန်ဆပ်အောင် အချင်းချင်းထိန်းရမှာပါ။ တစ်ယောက်ပျက်ကွက်ရင် ကျန်တဲ့ ဝိုင်းကြီးချုပ်အဖွဲ့ဝင်တွေက ဝိုင်းပြီးလျော်ရမှာဖြစ်ပါတယ်။ အစကတည်းက စိတ်တူကိုယ်တူ အခြေတည်ဖွဲ့ထားတာကြောင့် ဒီတာဝန်သုံးရပ်ကို လိုလိုလားလား လုပ်သွားကြမှာပါ။

ဖိုးသာအောင်။ စီမံထားတာတော့ တော်ပ့ါဗျာ။ ဆက်ပါဦး။

ကိုဇေယျာ။ တစ်ဦးတည်း၊ တစ်ဖွဲ့တည်း၊ တစ်ရွာတည်းလုပ်တာမဟုတ်ဘဲ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လုပ်ရတဲ့အပြင် ရေရှည်ရပ်တည်နိုင်ဖို့အတွက်၊ ပျက်မသွားဖို့အတွက် ပျက်ကွက်တာကို လက်ခံလို့မရဘူးပေ့ါဗျာ။ တာဝန်ကျေရင်လည်း ကျေသလောက် သိန်း ၅၀ ကနေ သိန်း ၁၀၀ နဲ့ နောက်ဆုံးတစ်ရွာကို သိန်း ၅၀၀ အထိ မတည်ပေးနိုင်ဖို့အထိ ရည်မှန်းထားတာဖြစ်ပါတယ်။

ဖိုးသာအောင်။ ဒါကတော့ ဟုတ်ပါတယ်ဗျာ။ ထုတ်ချေးတာမှ ပြန်မဆပ်ရင်ဘယ်ငွေနဲ့ လည်ပတ်မှာလဲ။ ပြန်ဆပ်ရင် ပြန်ဆပ်သလောက် တိုးတိုးပြီး ပေးသွားမှာဆိုတော့ မက်မောစရာပဲဗျ။

ကိုဇေယျာ။ ဒီလိုအစီအမံတွေကြောင့်လည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ရင်းနှီးမတည်ငွေထုတ်ချေးတဲ့ လုပ်ငန်းစဉ်စကတည်းက ခုချိန်ထိ တစ်နှစ်တာအတွင်းမှာ ဆုံးရှုံးမှု မရှိသလောက်ပါပဲ။

ဖိုးသာအောင်။ လက်ရှိ အောင်မြင်နေတဲ့ သမဝါယမအသင်းတွေရော ဘယ်လောက်ရှိလဲဗျ။ ဘယ်လိုလုပ်ငန်းတွေလုပ်တယ်ဆိုတာလည်း ပြောပြပါဦး။

ကိုဇေယျာ။ သမဝါယမသဘောတရားအရ ကုန်ထုတ်၊ ဝန်ဆောင်၊ ကုန်သွယ်အသင်းတွေနဲ့ ငွေကြေးဝန်ဆောင်မှုလုပ်ဖို့ အသစ်ဖွဲ့ထားတဲ့အသင်းတွေနဲ့ဆိုရင် ဖွဲ့စည်းပြီးအသင်းပေါင်း ၁၈၂၉၄ ကျော်ရှိပြီဗျ။ ဒီနေရာမှာ တစ်နှစ်တာအတွင်း အသင်းသစ်တွေဖွဲ့စည်းမှုကို အထူးပြုပြောချင်တယ်။ အသေးစားချေးငွေ ထုတ်ချေးပေးနိုင်မှု အခြေအနေကမြို့နယ် ၂၇၉မြို့နယ်၊ ရပ်ကွက်/ကျေးရွာပေါင်း ၇၇၂၇ ကို ပံ့ပိုးချေးငွေ ၁၁ ဘီလီယံကျော် ထုတ်ချေးပေးပြီးပြီလို့ သိရတယ်ဗျ။ ခင်ဗျားမေးတာကို တစ်ဆက်တည်းပြောရရင်တော့ အောင်မြင်နေတဲ့ သမဝါယမအသင်းတွေ သာဓက ထုတ်ပြောပ့ါမယ်။ ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းဟာဆိုရင် ၂၀၀၇ ခုနှစ်တုန်းက အသင်းသား ထုတ်ချေးငွေကျပ် ၃၅ သန်းပဲရှိခဲ့ရာမှ ယခုအခါမှာ ကျပ်သန်းပေါင်း ၁၁၂၅ ထိ ထုတ်ချေးနိုင်တာတွေ့ရတယ်။ ဒီလိုပါပဲ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်က ပနန်ပန်းခွာ လယ်ယာစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းနဲ့ ပုသိမ်ကြီးမြို့နယ်က မြနန္ဒာကျေးရွာ သမဝါယမအသင်းတွေကလည်း ထင်ရှားပါတယ်။ အဲဒီအသင်းတွေမှာ လယ်ထွန်စက်တွေ၊ ခြွေလှေ့စက်တွေ၊ အခြောက်ခံစက်တွေ၊ ရေစုပ်စက်တွေ ပိုင်ဆိုင်နေပြီဖြစ်တဲ့အပြင် အသင်းသားတွေအတွက် စီးပွားရေးအရ အကျိုးပြုတာသာမက လူမှုရေးကိစ္စတွေမှာလည်း လက်တွေ့ခံစားနေကြပြီလေ၊ ကျန်တဲ့အောင်မြင်နေတဲ့ အသင်းတွေလည်း ရှိပါသေးတယ်။

ဖိုးသာအောင်။ အေးဗျ။ သမဝါယမစနစ်က ဒီလိုဆိုတော့လည်း ကျုပ်တို့တွေအတွက် အားကိုးစရာပဲ။

ကိုဇေယျာ။ မှန်တာပေ့ါဗျာ။ သမဝါယမသဘောသဘာဝနဲ့ လုပ်နည်းလုပ်ဟန်တွေ မကွဲပြားတဲ့အပြင် လူနဲ့မှုကို ခွဲခြားမမြင်နိုင်လို့ ဒီလိုပြောကြတာပါ။

ဖိုးသာအောင်။ အဲဒါတော့ ဟုတ်ပါပြီ။ ငွေကြေးဝန်ဆောင်မှုတွေကို အရင်ကလည်း လုပ်ခဲ့တာပဲ၊ အခုလည်းလုပ်တယ်ဆိုတော့ လုပ်ငန်းအခြေအနေလေးတွေကိုသိချင်ပါသေးတယ်။

ကိုဇေယျာ။ အရင်တုန်းကတော့ မဝင်မနေရစနစ်မျိုး လုပ်သလို၊ ဝန်နဲ့အား၊ လေးနဲ့မြားမချိန်ဆဘဲ ထုတ်ချေးပေးတာတွေကြောင့် အားနည်းမှုတွေဖြစ်ခဲ့တာပါ။ ယခုအခါမှာတော့ လယ်သမားတွေစတင်ချေးယူပြီဆိုကတည်းက သမဝါယမမူအတိုင်း အစုတစ်စုကို ၅၀၀၀ ကျပ် ထည့်ဝင်ရပါတယ်။ သတ်မှတ်တဲ့ကာလရောက်ရင် ဝန်ဆောင်မှု(အတိုး)ရော (အရင်း)ရော ပြန်ဆပ်ရပါတယ်။ ပြန်ဆပ်ပြီးရင်တော့ ထပ်မံထုတ်ချေးပါတယ်။ ဒီအခါမှာ ချေးယူသူက ထုတ်ချေးငွေရဲ့ ၁၀ ရာခိုင်နှုန်းကို (Saving)စုဆောင်းရမှာဖြစ်ပါတယ်။ ဒါကလည်း သူတို့အတွက်ပဲဖြစ်ပါတယ်။ ဒီအစုနဲ့ စုဆောင်းငွေတွေဟာ အသင်းသားများနဲ့ အသင်းပိုင်ငွေတွေဖြစ်ပါတယ်။ ဒီငွေတွေအားလုံး အသင်းရဲ့လုပ်ငန်းတွေမှာ လည်ပတ်နေမှာ ဖြစ်ပါတယ်။ ဒီလိုလုပ်တာကို ခြုံငုံပြီး ကြည့်ရင် အသင်းသားလယ်သမားက အကျိုး သုံးခုရတာတွေ့ရပါမယ်။ နံပါတ်(၁)အကျိုးက အတိုးကြီးကြီး ချေးနေရတဲ့ဘဝက လွတ်ပြီးတော့ မိမိဘဝတိုးတက်ရေးအတွက် ဆောင်ရွက်လာနိုင်တဲ့ အကျိုးဖြစ်ပြီး နံပါတ်(၂)ကတော့ မဖြစ်မနေ ငွေစုရတဲ့အတွက် ကိုယ်ပိုင်ငွေကြေးတိုးပွားလာတဲ့အကျိုးဖြစ်ပါတယ်။ နံပတ်(၃)အကျိုးကတော့ သူစုထားတဲ့ ငွေပေါ်က အတိုးပြန်ရတာ ဖြစ်ပါတယ်။ ဒါတွေကြောင့် နောင် လေး၊ ငါး နှစ်ကြာရင် လယ်သမားဟာ မိမိဘာသာရပ်တည်လာနိုင်မှာ ဖြစ်ပါတယ်။

ဖိုးသာအောင်။ ဟုတ်တယ်နော်။ ကျွန်တော်တို့လို အသင်းသားတွေအတွက် အကျိုးတရားသုံးပါးက လက်တွေ့ခံစားရတာပဲဗျ။

ကိုဇေယျာ။ အသင်းသားအတွက်သာမကဘူး။ အသင်းအတွက်လည်း အကျိုးရှိတာပဲဗျ။ နံပါတ် (၁) အကျိုးကတော့ အပေါ်က ချေးပေးတဲ့ငွေနဲ့ အလုပ်လုပ်လို့ရလာတဲ့အတိုးမှာ သတ်မှတ်ထားတဲ့ရာနှုန်းနဲ့ ရန်ပုံငွေရပါတယ်။ နံပါတ်(၂)ကတော့ အသင်းသားများရဲ့ စုဆောင်းငွေများနဲ့ အသင်းရဲ့ အရင်းအနှီးတွေ တိုးပွားလာပါတယ်။ နောက်ဆုံးအကျိုးတစ်ခုကတော့ အသင်းပိုင်ငွေ (အသင်းသားများရဲ့ စုဆောင်းငွေ+အသင်းကရသော အတိုးများ)နဲ့ အလုပ်လုပ်ရင် ထုတ်ချေးငွေပေါ် အတိုး နှစ်ကျပ်ခွဲရပါမယ်။ ဒီအထဲကမှ တစ်ကျပ်ခွဲက အသင်းကရပြီး တစ်ကျပ်ကတော့ ပိုင်ရှင်အသင်းသားကရမှာ ဖြစ်ပါတယ်။ ဒီလိုလုပ်လိုက်ရင် နောင် လေးငါးနှစ်မှာ ကျေးလက်ဒေသပြည်သူတွေလည်း ကိုယ့်ဘာသာကိုယ်ရပ်တည်လာနိုင်သလို အသင်းကလည်း မိမိဘာသာရပ်တည်ပြီး အလုပ်လုပ်လာနိုင်မယ်ဆိုတာ ထင်ရှားနေတာပဲပေ့ါဗျာ။

ဖိုးသာအောင်။ တဖြည်းဖြည်းတော့ နားလည်လာပြီဗျို့။ တစ်ခုမရှင်းတာက ဒီအတိုးနဲ့တစ်သမတ်တည်းသွားမှာလားဗျ။

ကိုဇေယျာ။ လတ်တလောကာလမှာတော့ ဒီအတိုးက လိုအပ်ချက်အရ ဥပဒေနဲ့အညီ ယူထားတာ ဖြစ်ပါတယ်။ မှန်မှန်ကန်ကန်နဲ့ တက်ညီလက်ညီလုပ်လို့ အောင်မြင်လာပြီဆိုရင်တော့ လျှော့ယူနိုင်အောင် ကြိုးစားသွားမှာပါ။ တစ်ဆက်တည်းပြောချင်တာက သူတို့စုဆောင်းထားတဲ့ ငွေကို ပြန်ထုတ်လို့မရဘူးလားဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။ နောက်သုံး၊ လေးနှစ်ကြာလာတဲ့အခါမှာ သူ့စုဆောင်းငွေထဲက စီးပွားရေးအတွက်ဖြစ်စေ၊ လူမှုရေးအတွက်ဖြစ်စေ ကျိုးကြောင်းညီညွတ်စွာနဲ့ သတ်မှတ်တဲ့နှုန်းနဲ့ ပြန်ထုတ်လို့ရအောင် စီမံသွားမှာဖြစ်ပါတယ်။ ဒီအချက်တွေဟာ အရင်ကနဲ့မတူဘဲ အခုကာလမှာ ခေတ်စနစ်နဲ့လိုက်လျောညီထွေဖြစ်စေမယ့် အစီအစဉ်တွေပဲပေ့ါဗျာ။

ဖိုးသာအောင်။ ခင်ဗျားပြောသလိုဆိုတော့ ဒီငွေကြေးဝန်ဆောင်မှုလုပ်ငန်းတွေကို လုပ်တဲ့အခါမှာ ချေးငွေပြန်မဆပ်နိုင်တာတွေ၊ ဆုံးရှုံးမှုတွေမရှိနိုင်ဘူးလားဗျ။

ကိုဇေယျာ။ ဒါကတော့ဗျာ အတတ်နိုင်ဆုံးကာကွယ်ရမယ့်အချက်ပဲပေ့ါ။ ဒ့ါကြောင့် ဒီလိုအသင်းမှာပါဝင်ပြီး လုပ်မယ်ဆိုရင် စိတ်တူကိုယ်တူတွေဖြစ်ဖို့လိုသလို ဒီစနစ်ဟာ ကျွန်တော်တို့ကျေးလက်ပြည်သူများရဲ့ လူမှုစီးပွားဘဝ မြင့်တင်နိုင်မယ့်လမ်းလို့ ခံယူနိုင်ဖို့ လိုတာပေ့ါ။ အထက်မှာ ပြောခဲ့သလို အသင်းအတွက်လည်းအကျိုးရှိ၊ ကိုယ့်အတွက်လည်း အကျိုးရှိမှတော့ ပြန်မဆပ်တာတွေ၊ ဆုံးရှုံးတာတွေရှိရင်လည်း နည်းနည်းပေ့ါဗျာ။ ဒါကိုပဲ ထပ်ပြီး ထင်ရှားအောင် ပြောချင်သေးတယ်။

ဖိုးသာအောင်။ ပြောပါဗျာ။ ကိုဇေယျာရယ် တခြားသူတွေလည်း သိရတာပေ့ါ။

ကိုဇေယျာ။ ယခုဆောင်ရွက်နေတဲ့ Microfinance စနစ်မှာက ထုတ်ချေးငွေပေါ်မှာ ဝန်ဆောင်မှုစရိတ် နှစ်ကျပ်ခွဲပဲ ယူတာပါ။ ပြင်ပမှာ စိုက်ပျိုးချိန်အခက်အခဲဖြစ်လို့ ငွေချေးရင် ရှစ်ကျပ်တိုး၊ ၁၀တိုးယူပါတယ်။ ပြီးရင်လုံးတိုးဆိုတဲ့ ချေးပေးနည်းရှိသေးတယ်ဗျာ။ စပါးစိုက်ချိန်မှာ စားဖို့ရော၊ စရိတ်ပေးဖို့ရော၊ မျိုးအတွက်ရော လိုတဲ့အတွက် စပါး ၁၀ တင်းချေးရင် စပါးပေါ်တဲ့အချိန်မှာ တင်း ၂၀ ပြန်ပေးရတယ်။ ဒါက လုံးတိုးပေ့ါဗျာ။ ပြီးတော့ လုံးခွဲတိုးဆိုတာရှိသေးတယ်ဗျာ။ စပါး ၁၀ တင်းချေးရင် ပေါ်တဲ့အချိန်မှာ ၂၅ တင်းပေးရတာမျိုးအထိ ရှိတယ်ဗျ။ ၁၅၀ ရာနှုန်း တိုးဆိုပါတော့ဗျာ။ ဒီအတိုးကြီးကြီးနဲ့လုပ်နေရလို့ နာလန်မထူနိုင်တဲ့ဘဝကနေ နာလန်ထူလာနိုင်အောင် ဒီလိုအစီအမံတွေနဲ့ လုပ်နေတဲ့အချိန်မှာ ပြန်မဆပ်ဘဲနဲ့တော့ နေကြမှာ မဟုတ်ပါဘူးဗျ။

ဖိုးသာအောင်။ ရှင်းပြီဗျို့ ရှင်းပြီ။ တကယ်တော့ သမဝါယမ လုပ်နည်းလုပ်ဟန်တွေက ကျွန်တော်တို့လို လူတွေအတွက် တကယ့်အားကိုးစရာပဲ။ ဒါကြောင့်လည်း ကိုယ့်အတွက်အကျိုးရှိတဲ့အသင်းကြီး ပျက်စီးရာ ပျက်စီးကြောင်း ကျုပ်တို့ကတော့ မလုပ်ရေးချမလုပ်ဘူးဗျို့။

ကိုဇေယျာ။ မှန်တာပေ့ါဗျာ။ ငွေကြေးဝန်ဆောင်မှုအသင်းရဲ့ အသင်းသားတစ်ယောက်အနေနဲ့ အခြေခံအကျဆုံး တာဝန်ကတော့ ချေးငွေအကြေပြန်လည်ပေးဆပ်ခြင်းပဲ။ ပေးဆပ်ရင်ပေးဆပ်သလောက် တိုးပွားလာမှာသေချာတာပေ့ါ။ နောက်ပြီးတော့ ငွေစုငွေချေးအဆင့်ကနေ တစ်ဆင့်တက်ရမှာကတော့ ထုတ်လုပ်မှုအသင်းတွေ၊ ကုန်သွယ်မှုအသင်းတွေ၊ ဝန်ဆောင်မှုအသင်းတွေဖြစ်တဲ့အထိ တဖြည်းဖြည်း သွားရမှာဖြစ်ပါတယ်။ ဒါမှလည်း အသင်းသားပြည်သူတွေရဲ့ လူမှုစီးပွားဘဝမြင့်တက်လာသလို တိုင်းပြည်စီးပွားဖွံ့ဖြိုးမှုအတွက်လည်း အထောက်အကူဖြစ်မှာပေ့ါ ဗျာ။

ဖိုးသာအောင်။ ကျေးဇူးပဲ ကိုဇေယျာရေ။ အစတုန်းကတော့ ကျွန်တော်လည်း ဇဝေဇဝါပါပဲဗျာ။ မယုံတစ်ဝက် ယုံတစ်ဝက်ပေ့ါ။ အရင်တုန်းကလိုပဲ ထင်ခဲ့တာလေ။ အခုတော့ တာဝန်တွေကိုယ်စီရှိသလို ဟန်ချက်ညီညီလုပ်သွားကြရင် ဖြစ်ထွန်းအောင်မြင်ဖို့ အသေအချာပဲဆိုတာ အားလုံးရှင်းသွားပါပြီ။

ကိုဇေယျာ။ ဒီလိုပြောလို့ ကျေးဇူးပါပဲ။ သမဝါယမဆိုတာ ခေတ်အဆက်ဆက်ကတည်းကပဲ လိုအပ်ချက်အရ ပေါ်ပေါက်တာမှန်ပေမယ့် လုပ်နည်းတွေအားနည်းတာကြောင့် တိုးတက်မှုဆုတ်ယုတ်ခဲ့တာပါ။ ။

ပြည်တွင်းရေးရာ

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် မြန်မာ့ရိုးရာထမနဲ(နှမ်းမနဲ)ထိုးပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဒုတိယအကြိမ် မြန်မာ့ရိုးရာထမနဲ(နှမ်းမနဲ)ထိုးပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက် ညနေပိုင်းတွင် ရွှေကြာပင်ရပ်ကွက် အောင်ရတနာကျောင်းတိုက်အနီး မိုးကောင်းဘုရားဥပစာရှိ မြေကွက်လပ်၌ကျင်းပရာ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများ၊ ပုဗ္ဗသီရိမြို့နယ်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီတို့မှ ပြိုင်ပွဲဝင်အသင်း စုစုပေါင်း ၁၈ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်တစ်ရပ်ဖြစ်သော ထမနဲထိုးပြိုင်ပွဲကြီးကို စည်ကားသိုက်မြိုက် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

အဆိုပါအခမ်းအနားသို့ သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးသိန်းညွန့်နှင့် ဦးစိုးမောင်၊ ပြည်သူ့လွှတ်တော်ရေးရာ ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသော ဦးတင်ထွတ်၊ ဦးသိန်းဇော်၊ ဦးလှမြင့်ဦးနှင့် ဦးစိုးနိုင်၊ နေပြည်တော် ကောင်စီဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ မြန်မာ့ရိုးရာထမနဲထိုး ပြိုင်ပွဲကို စိတ်ပါဝင်စားစွာ ကြည့်ရှုအားပေးကြသည့် ဧည့်ပရိသတ်များ၊ ပြိုင်ပွဲအကဲဖြတ်အဖွဲ့ ဒိုင်လူကြီးများ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ထမနဲထိုးပြိုင်ပွဲ အခမ်းအနားကို စတင်ဖွင့်လှစ်ရာ ပြိုင်ပွဲဝင်အသင်းများက အားကြိုးမာန်တက် ထမနဲထိုးပြိုင်ပွဲဝင်ကြပြီး လိုက်ပါအားပေးကြသူ ဧည့်ပရိသတ်များက အိုးစည်၊ ဒိုးပတ်၊ ကျွဲအက၊ ရိုးရာအကများဖြင့် တပျော်တပါး တီးခတ်သီဆိုဖျော်ဖြေအားပေးကြသည်။

ယင်းနောက် ပြိုင်ပွဲကို အစီအစဉ်အလိုက် ဆက်လက်ကျင်းပရာ ပြိုင်ပွဲဝင်အသင်းများက ရေကုန်ရေခန်း အကြိတ်အနယ် ယှဉ်ပြိုင်ကြပြီး **(အောက်ပုံ)** အကဲဖြတ်အမှတ်ပေးဒိုင်အဖွဲ့ဝင်များက ပြိုင်ပွဲဝင်အသင်းများ၏ ထမနဲများကို အသီးသီး စမ်းသပ်စစ်ဆေး သုံးဆောင်ကြကာ အကဲဖြတ်အမှတ်ပေးကြသည်။

ပြိုင်ပွဲ ကျင်းပနေစဉ်အတွင်း ပြည်ထောင်စု ဝန်ကြီးများနှင့် နေပြည်တော် ကောင်စီဝင်များ၊ ဧည့်သည်တော်များသည် အကြိတ်အနယ်ယှဉ်ပြိုင်လျက်ရှိသည့် ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြိုင်ပွဲဝင်အသင်းများ ယှဉ်ပြိုင်ဆင်နွှဲခဲ့ကြသည့် ထမနဲများကို ပြိုင်ပွဲသို့ လာရောက်အားပေးကြသည့် ဧည့်ပရိသတ်များအား ဧည့်ခံကျွေးမွေးရာ လူကြီး၊ ကလေး၊ ဧည့်ပရိသတ်များက လက်ရည်တစ်ပြင်တည်း စုစည်းဝိုင်းဖွဲ့ကာ မြိန်ယှက်စွာ အားပေးသုံးဆောင်ကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပထမဆုရ အောင်ဇမ္ဗူ(က) အသင်းအား နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်က လည်းကောင်း၊ ဒုတိယဆုရ ရွှေကြာပင်(က)အသင်းအား ပြည်သူ့လွှတ်တော်ရေးရာ ကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးက လည်းကောင်း၊ တတိယဆုရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအသင်းအား နိုင်ငံတော် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် **(အပေါ်ပုံ)**က လည်းကောင်း၊ နှစ်သိမ့်ဆုများကို နေပြည်တော် ကောင်စီဝင်များ ဖြစ်ကြသော ဦးမြင့်ဆွေနှင့် ဦးကံချွန်တို့က လည်းကောင်း၊ အထူးဆုများကို တာဝန်ရှိသူများကလည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ကြရာ ပြိုင်ပွဲဝင် အသင်းများကိုယ်စား တာဝန်ရှိသူများက တက်ရောက်လက်ခံကြသည်။

ဆုချီးမြှင့်ပွဲအပြီးတွင် ပြိုင်ပွဲသို့ တက်ရောက်လာကြသည့် ရပ်မိ၊ ရပ်ဖများနှင့် ဒေသခံပြည်သူများအား ထမနဲများဖြင့် ဧည့်ခံကျွေးမွေးကြပြီး ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက အငြိမ့်၊ အဆို၊ အကများဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၇-၂-၂၀၁၃(တနင်္ဂနွေနေ့)
(၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း (၇)ရက်၊ အဖိတ်နေ့)

၇:၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၈:၅၀ "ကြာညှပ်သီးနှံဖရဲ"
၁၁:၄၅ မြန်မာဗီဒီယိုဇာတ်လမ်း "တိမ်ဝှက်လ" (ခန့်စည်သူ၊ စိုးမြတ်နန္ဒာ) [(ဒါရိုက်တာ-မြင့်စိုး(ဝ/သ)]
၁:၁၅ "မန္တလေးမြို့အဆင့်မြင့်ဘောလုံး အားကစားကွင်းစီမံကိန်း"
၄:၃၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ (တတိယနှစ်) (သမိုင်းအထူးပြု) (သမိုင်း)
၈:၀၀ ပြည်တွင်းသတင်း -တရုတ်ရုပ်ရှင် "တစ်ရာမြောက်သော မင်္ဂလာဝတ်စုံ" (ဇာတ်သိမ်း)

ကမ္ဘာကျော် အဆင့်မြင့်ကိုရီးယား ဂျင်ဆင်းကို ရရန် (၆) နှစ်စောင့်ရပါသည်။
မြန်မာ့ရတနာ ဆေးဖက်ဝင် သနပ်ခါးကို ရရန် အနည်းဆုံး (၇) နှစ်ကြာပါသည်။

ကျွန်မကအလယ်တန်းပြဆရာမတစ်ယောက်ဖြစ်ပြီး ကျွန်မတို့မြို့ရဲ့ အရှေ့မြောက်ဘက်(၆)မိုင်ခန့်အကွာမှာရှိတဲ့ ရွာလေးမှာ(၇)နှစ်ခန့် တာဝန်ထမ်းဆောင်ခဲ့ရပါတယ်။ ကျောင်းသွားလည်းနေနဲ့မျက်နှာချင်းဆိုင် ကျောင်းပြန်လည်းနေနဲ့မျက်နှာချင်းဆိုင်ပြီး စက်ဘီးစီးကာ ကျောင်းကိုသွားခဲ့ရပါသည်။ ဒါကြောင့်မို့ ကျွန်မမျက်နှာပါးပြင်နှစ်ဖက်စလုံးမှာ နေလောင်ပြီးတော့ အမဲကွက်ကလေးတွေဖြစ်လာပါတယ်။ တင်းတိပ်ပျောက်ဆေးအမျိုးမျိုးလိမ်းကြည့်တော့လည်း ခဏပဲသက်သာပါတယ်။ နောက်တော့ပြန်ပေါ်လာတာပါပဲ။ သူငယ်ချင်းတစ်ယောက်က **"ကံ့ကော်ဝတ်ဆံသနပ်ခါးကိုလိမ်းကြည့်ပါလား။တင်းတိပ်၊ဝက်ခြံတွေပျောက်တယ်"**လို့ပြောလာပါတယ်။ စမ်းလိမ်းကြည့်လိုက်တာ လိမ်းပြီးနှစ်ပတ်လောက်အကြာမှာ တင်းတိပ်တွေပါးလာပြီး အရောင်ဖျော့လာပါတယ်။ကျွန်မဆွဲပြီးလိမ်းလိုက်တာ တစ်လလောက်အကြာမှာတော့ အမဲကွက်ကလေးတွေတဖြည်းဖြည်းနဲ့ပါးလာပြီး ပျောက်ကင်းသွားတာကိုဝမ်းသာကြည်နူးစွာနဲ့တွေ့ရပါတယ်။ ဒါကြောင့် ကျွန်မလိုပဲတင်းတိပ်ထွက်လို့စိတ်ညစ်ကြရသူတွေ ရွှေပြည်နန်းကံ့ကော်ဝတ်ဆံသနပ်ခါးကို လိမ်းကြည့်ပါလားလို့အကြံပြုလိုပါတယ်။ တစ်နေ့လုံးလည်း ရနံ့လေးသင်းပျံ့မွှေးကြိုင်နေပြီး နောက်ထပ်ဘာမိတ်ကပ်၊ ဘာပေါင်ဒါမှမလိုဘဲ တစ်နေ့လုံးဝင်းပနေတာလက်တွေ့ပါပဲရှင်။ မြန်မာ့သနပ်ခါးစစ်စစ်ကို ဂုဏ်ယူဝင့်ကြွားစွာနဲ့သုံးစွဲဖို့ မြန်မာနိုင်ငံရဲ့စစ်မှန်သောပစ္စည်းကောင်းတစ်ခုဖြစ်ကြောင်း ကိုယ်တွေ့ဖြစ်ရပ်လေးကို ရေးသားဖော်ပြလိုက်ပါတယ်။ ရွှေပြည်နန်းသနပ်ခါးအလုကုန်ပစ္စည်း အခွန့်ရှည်စွာတည်တံ့နိုင်ပါစေ။ မြန်မာပြည်သူတွေရဲ့အကျိုးကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေလို့ဆန္ဒပြုလိုက်ပါတယ်။

ဒေါ်ဝေဝေမာ (အလယ်တန်းပြ) အ.မ.က (ခဲမျိုး) စီရင်စုကျေးရွာ၊ ကျောက်ပန်းတောင်းမြို့နယ်၊ မန္တလေးတိုင်း။

ထပ်ဆင့်ထောက်ခံအပ်ပါသည်။

ဒေါ်ဝေဝေမာ၏ပေးစာတွင် ဖော်ပြထားသော အကြောင်းအရာအချက်အလက်များမှာ မှန်ကန်သောဖြစ်ရပ်များဖြစ်ပါကြောင်းနှင့် ကျွန်မကိုယ်တိုင်သိရှိခဲ့သော မျက်မြင်ကိုယ်တွေ့အကြောင်းအရာများဖြစ်ပါကြောင်း ထပ်ဆင့်ထောက်ခံအပ်ပါသည်။

ဒေါ်ဆွေဆွေမာ-B.A (Myanmar)၊ အမှတ်-လ/၆၊ နယ်သာကီလမ်း၊ လွတ်လပ်ရေးရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့နယ်၊ မန္တလေးတိုင်း။

ဖိတ်ခေါ်အပ်ပါသည်။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ အကန့်အသတ်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈ (H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသားပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

ရွှေပြည်နန်းမှရရှိထားသော နိုင်ငံတကာအသိအမှတ်ပြုဆုတံဆိပ်နှင့် အရည်အသွေးဆိုင်ရာလက်မှတ်များ

Halal Certificate
ဟလာလ်လက်မှတ်

2008 Global Excellence Awards.
2009 People's Choice Awards

BFAD Philippines

FDA (Thailand)

မြန်မာနိုင်ငံရဲ့ အကောင်းဆုံးထဲကတစ်ခု

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖလမ်းမြို့၌ မြို့မိမြို့ဖများ၏ ဒေသဖွံ့ဖြိုးရေးတင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှတ်တရလက်ဆောင်များ ပေးအပ်စဉ်။ (သတင်းစဉ်)

☆နိုင်ငံတော်သမ္မတမှ

စိုက်ပျိုးထားရှိမှုနှင့် ပျားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေသည့်နေရာသို့ ရောက်ရှိရာ ခရိုင်စိုက်ပျိုးရေးမန်နေဂျာ၊ ဒေသခံတောင်သူများ၊ နေကြာစိုက်ပျိုးထားသူ ဦးသီဟနှင့်ပျားမွေးမြူရေးလုပ်ငန်းဆောင်ရွက်နေသူ ဦးအောင်ကျော်ဦးတို့က လယ်ယာမြေများ၌ တစ်နှစ်လျှင်နှစ်သီး စိုက်ပျိုးလုပ်ကိုင်နေမှု၊ ပျားမွေးမြူရေးလုပ်ငန်းအောင်မြင်နေမှု၊ ပြည်တွင်းပြည်ပတွင် ဈေးကွက်ရရှိမှုနှင့် စီးပွားရေးတွက်ခြေကိုက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ပျားမွေးမြူရေးလုပ်ငန်းမှ လက်တွေ့ပျားရည်ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ ပျားလုပ်ငန်းဌာန တိုင်းဦးစီးမှူးနှင့် လုပ်ငန်းရှင်တို့က ရှင်းလင်းပြသကြသည်။ ထို့နောက် နိုင်ငံတော်သမ္မတက ပျားမွေးမြူရေးလုပ်ငန်းသည် စီးပွားရေးအရ တွက်ခြေကိုက်သဖြင့် ဒေသခံတောင်သူများလည်း စိုက်ပျိုးရေးလုပ်ငန်းနှင့်အတူ တွဲဖက်၍စီးပွားဖြစ်ကျယ်ကျယ်ပြန့်ပြန့် လိုက်ပါလုပ်ကိုင်နိုင်ရေးတာဝန်ရှိသူအဆင့်ဆင့်တို့က ပညာပေးစည်းရုံးလုပ်ဆောင်သွားကြရန် မှာကြားခဲ့သည်။ **(သတင်းစဉ်)**

တာချီလိတ်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်သည် ဖေဖော်ဝါရီ ၁၅ ရက် မွန်းလွဲပိုင်းက တာချီလိတ်မြို့ ဖန်မင်ကျေးရွာအုပ်စု ဟာကျားမနူးရွာ ဦးကျပေး ဘက်စုံစိုက်ပျိုးရေး မွေးမြူရေးခြံသို့ရောက်ရှိပြီး လိမ္မော်ခြံ၊ နို့စားနွားမွေးမြူရေးခြံနှင့် ရော်ဘာစက်ရုံ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ဆန်ဆိုင်းရပ်ကွက်ရှိ မြို့ပတ်လမ်းပိုင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီအသီးသီးမှကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်တွေ့ဆုံပြီး ကွယ်လွန်သွားသော မိုင်းယောင်းလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအင်အတွက် ရှမ်းပြည်နယ်လွှတ်တော်မှ ကူညီပံ့ပိုးငွေကျပ် ၁၀ သိန်းကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးထံ ပေးအပ်သည်။

ဆက်လက်၍ ဟောင်လိတ်ကျေးရွာအုပ်စု ဦးအားလယ်၏ ငါးကန် ၃၁ ကန်၌ ငါးများမွေးမြူထားရှိမှု၊ ဟောင်လိတ်ကျေးရွာအုပ်စု လွယ်စီတုံကျေးရွာရှိ ဒေါ်နီနီစိုး၏ ကျောက်စိမ်းကန် မွေးမြူရေးခြံ၌ စီးပွားဖြစ်မွေးမြူထားသော ဝက်နှင့်ငါးမွေးမြူထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ဒေသခံပြည်သူများ၏ သားငါးလိုအပ်ချက် လုံလောက်မှုရှိအောင် တိုးချဲ့မွေးမြူရန်မှာကြားကာ မွေးမြူရေးအစာများကို တာချီလိတ်ဒေသပတ်ဝန်းကျင်ရှိမြို့များ၌ အခက်အခဲမရှိ ဝယ်ယူနိုင်စေရေး ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

တယ်ရိုဆာဆနာအသင်း ခြေစမ်းပွဲ သုံးပွဲလုံးနိုင်

သတင်းနှင့် ဓာတ်ပုံ ရှိုင်းထက်ဇော်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ထိုင်း ပရီမီယာလိဂ်ကလပ် ဘီအီးစီ တယ်ရိုဆာဆနာအသင်း၏ နောက်ဆုံးခြေစမ်းပွဲအဖြစ် ယနေ့ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ရန်ကုန်ယူနိုက်တက် အသင်းနှင့် ခြေစမ်းကစားခဲ့ရာ **(ယာပုံ)** ခြောက်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

တယ်ရိုဆာဆနာ - ခြောက်ဂိုး
(ရှိမိုဂျိ- သုံးဂိုး-နာရူဘာဒင်၊ ဝီချာရာနှင့် ရိုင်နင်ဝမ်း-တစ်ဂိုးစီ)
ရန်ကုန်ယူနိုက်တက်-နှစ်ဂိုး
(ကိုနေးနှင့်ဆီဇာ)

ရန်ကုန်အသင်းမှာ မြန်မာ့လက်ရွေးစင်အသင်းသို့ ကစားသမားခုနစ်ဦး ပေးထားရသောကြောင့် သိသိသာသာ အားနည်းသွားပြီး တယ်ရိုဆာဆနာကို ဂိုးပြတ်ရှုံးသွားရသည်။ ခြေစွမ်းပိုင်းအရရော ကစားပုံအရပါ တယ်ရိုဆာဆနာအသင်းမှာ ရန်ကုန်ထက် သိသိသာသာ အသာရခဲ့ပြီး ခံစစ်ပိုင်းအားနည်းမှုကို အခွင့်ကောင်းယူနိုင်ခဲ့သောကြောင့် ဂိုးပြတ်သွားခဲ့ခြင်းလည်းဖြစ်သည်။ ပွဲအစ ၁၂ မိနစ်မှာပင် တောင်ပံကစားသမား ရှိမိုဂျိ၏ ဂိုးဖြင့် တယ်ရိုဆာဆနာအသင်း ဂိုးရခဲ့ပြီး နောက်ပိုင်းတွင် တယ်ရိုဆာဆနာတို့ပွဲကို စိုးမိုးသွားခဲ့သည်။ ၁၇ မိနစ်တွင် နာရူဘာဒင်၊ ၂၃ မိနစ်တွင် ဝီချာရာတို့က ဂိုးများထပ်မံသွင်းယူခဲ့ပြီး အဖွင့်ဂိုးရှင် ရှိမိုဂျိက ၃၉ မိနစ်နှင့် ၄၄ မိနစ်တို့တွင် နှစ်ဂိုးဆက်တိုက်သွင်းယူကာ ဟက်ထရစ်ရယူခဲ့သည်။

၃၁ မိနစ်တွင် တိုက်စစ်မှူး ကိုနေး အဒမ်မာက ပထမချေပဂိုး သွင်းယူခဲ့ပြီး ရန်ကုန်အတွက် ဒုတိယဂိုးကို ၄၈ မိနစ်တွင် ဆီဇာက ပယ်နတီမှတစ်ဆင့် သွင်းယူနိုင်ခဲ့သည်။ တယ်ရိုဆာဆနာအတွက် နောက်ဆုံးဂိုးကို ၈၇ မိနစ်တွင် ရိုင်နင်ဝမ်းက သွင်းယူခဲ့သည်။

တယ်ရိုဆာဆနာအသင်းသည် MNL ကလပ်များနှင့် ခြေစမ်းပွဲများကစားခဲ့ရာတွင် ရတနာပုံကို သုံးဂိုး-နှစ်ဂိုး၊ ဧရာဝတီကို နှစ်ဂိုး-တစ်ဂိုး၊ ရန်ကုန်ကို ခြောက်ဂိုး-နှစ်ဂိုးတို့ဖြင့် ခြေစမ်းပွဲသုံးပွဲစလုံးအနိုင်ရရှိခဲ့သည်။

❖ ရွှေဖုန်းမှ

အထူးသဖြင့် ဖူလုံပိုလျှံပါက အိမ်နီးချင်းတစ်ဖက်နိုင်ငံသို့ တင်ပို့ရောင်းချနိုင်သည့် ဝက်နှင့်နွားမွေးမြူရေးလုပ်ငန်းကို ပိုမိုလုပ်ကိုင်လာစေရန် ဒေသခံများအား တွန်းအားပေးသွားကြရန်ဖြစ်ကြောင်း၊ ထို့အတူ ပိုးဇာမွေးမြူထုတ်လုပ်ရေးလုပ်ငန်းကိုလည်း အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ ပညာရေးကဏ္ဍတိုးတက်မြင့်မားပြီး တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားလာစေရေးအတွက် လိုအပ်သည်များကို ပံ့ပိုးကူညီကြရန်ဖြစ်ကြောင်း၊ ဒေသတွင်း၌ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးကင်းစင်ရေး တို့အတွက်လည်း စီမံဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးမှူးများသည် မိမိတို့မြို့နယ်များ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် မိမိတို့၏အရည်အချင်း၊ ဆောင်ရွက်ပေးလိုသည့် စေတနာနှင့် လက်တွေ့ကြိုးစားဆောင်ရွက်ပေးမှုတို့အပေါ် မူတည်သည်ဟု ခံယူဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် မြို့နယ်များနှင့် မြို့နယ်ခွဲတို့မှ မြို့မိမြို့ဖများအား တွေ့ဆုံပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ မိမိတို့မြို့ရွာများဖွံ့ဖြိုးရေးအတွက် မြို့မိမြို့ဖများအနေဖြင့် တတ်နိုင်သမျှပါဝင်ဆောင်ရွက်ကြစေလိုကြောင်း၊ အထူးသဖြင့် ဤဒေသမှ ကလေးငယ်များအား ပညာတတ်များဖြစ်လာစေရန် ပညာရေးကို ဝိုင်းဝန်းအားပေးစေလိုကြောင်း၊ ပညာတတ်မှသာ ၎င်းတို့၏လူမှုဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ စီးပွားရေးဖွံ့ဖြိုးလာရန်အတွက် နို့စားနွားများမွေးမြူကြရန်ဖြစ်ပြီး နိုင်ငံတော်ကလည်း လိုအပ်သည်များကို ပံ့ပိုးကူညီပေးမည်ဖြစ်ကြောင်း၊ သို့မှသာ ဝင်ငွေတိုးတက်ပြီး ဤဒေသမှ ကလေးငယ်များကိုလည်း နို့ပုံမှန်တိုက်ကျွေးခြင်းဖြင့် ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်ထက်မြက်သူများဖြစ်လာစေမည်ဖြစ်ကြောင်း စသည်ဖြင့် တိုက်တွန်းပြောကြားပြီး အမှတ်တရလက်ဆောင်များကို ပေးအပ်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ရဟတ်ယာဉ်များဖြင့် ဖလမ်းမြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ကြိုဆိုနှုတ်ဆက်ကြသည့် မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့များနှင့် ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် နယ်မြေခံတပ်ရင်း ဧည့်ရိပ်သာ၌ ခရိုင်နှင့်မြို့နယ်ဆင့် ဌာနဆိုင်ရာများ၊ ဖလမ်းမြို့နှင့် ရိဒ်ခေါဒါရ်မြို့နယ်ခွဲတို့မှ မြို့မိမြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးအခြေအနေများကို မေးမြန်းဆွေးနွေးပြီး ဤဒေသတွင် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ထွန်းနိုင်ခြေနည်းပါးပါက နွားနောက်၊ ဒေသနွားနှင့် ဝက်မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ နို့စားနွားများကိုလည်း စမ်းသပ်မွေးမြူကြစေလိုကြောင်း၊ စိုက်ပျိုးဖြစ်ထွန်းနိုင်မည့် ပြောင်းကိုလည်း စိုက်ပျိုးကြရန်ဖြစ်ကြောင်း၊ ဖလမ်းမြို့တွင် အစဉ်အလာကြီးမားသည့် ခုတင် (၂၀၀) ဆံ့ဆေးရုံကြီးရှိပြီးဖြစ်၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ထိထိရောက်ရောက်ဆောင်ရွက်ပေးနိုင်သည်ဟု သိရှိရကြောင်း၊ အနီးအနားတွင် ကလေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် ဟားခါးမြို့ အစိုးရနည်းပညာသိပ္ပံ စသည်တို့တည်ရှိပြီးဖြစ်သည့်အတွက် ဒေသရှိရင်သွေးငယ်များ၏ ပညာရေးတိုးတက်မှုအတွက် ဝိုင်းဝန်းအားပေးဆောင်ရွက်ပေးစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် မြို့မိမြို့ဖများ၏ ဒေသဖွံ့ဖြိုးရေးအတွက် တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှတ်တရလက်ဆောင်များပေးအပ်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ဟားခါးမြို့သို့ ရောက်ရှိကြရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဟောက်ခင်ခမ်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အစိုးရအဖွဲ့မှ ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ချင်းရိုးရာအကအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ထိုသို့ကြိုဆိုကြရာတွင် သိက္ခာတော်ရဆရာတော် ပေါလ်သွန်ကျဲအိုကဆုတောင်းမေတ္တာပို့သပြီး ချင်းတိုင်းရင်းသားဝတ်စုံကို ဝတ်ဆင်ပေးသည်။ အလားတူ ချင်းတိုင်းရင်းသား၊ တိုင်းရင်းသူများက နိုင်ငံတော်သမ္မတအား တေးသီချင်းဖြင့် ဂုဏ်ပြုကြိုဆိုကြသည်။ **(သတင်းစဉ်)**

❑ ဥက္ကာပျံကြွေကျမှုမှ

ဖြစ်တောင့်ဖြစ်ခဲ ကိစ္စတစ်ခုဖြစ်သကဲ့သို့ အသံထက်မြန်သော ဖုံးပေါက်ကွဲမှုတစ်ခုလည်းဖြစ်သည်ဟုဆိုသည်။

ရုရှားသိပ္ပံ အကယ်ဒမီ၏ အဆိုအရ အဆိုပါဥက္ကာပျံသည် သံဖြင့်ဖွဲ့စည်းထားပြီး အလေးချိန် ၁၀ တန်ခန့် ရှိကြောင်း၊ ကမ္ဘာ့လေထုအတွင်းသို့ ဝင်ရောက်လာပြီး ကမ္ဘာမြေပြင်အထက် ၁၉ မိုင်နှင့် ၃၁ မိုင်ကြားတွင် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်က ဒဏ်ရာရသူများအား ကူညီကယ်ဆယ်ရန် အရေးပေါ်ကူညီကယ်ဆယ်ရေးဝန်ကြီးဌာနဝန်ကြီးသို့ ညွှန်ကြားပြီးနောက် အဆိုပါဒေသသို့ ကူညီကယ်ဆယ်ရေးလုပ်သား ၂၀၀၀ နှင့် သန့်ရှင်းရေး အလုပ်သမားများ စေလွှတ်ထားသည်ဟုဆိုသည်။

အရေးပေါ် ကူညီကယ်ဆယ်ရေးဝန်ကြီးဌာနက ဒဏ်ရာရသူ ၁၂၀၀ ခန့်ရှိပြီး ဒဏ်ရာရသူ ၂၀၀ ခန့်မှာ ကလေးများဖြစ်ကြောင်းနှင့် အသေအပျောက်မရှိကြောင်း ထုတ်ပြန်ကြေညာသည်။ **(ရိုက်တာ)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကလေးမြို့

အစိုးရယန္တရားသွက်
အောက်ခြေအဆင့်

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ရောက်ရှိ
အောင်ဇေယျရိပ်သာခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့်

တွေ့ဆုံပွဲ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ခင်အောင်မြင့်၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကလေးခရိုင်၊ မော်လိုက်ခရိုင်နှင့်တမူးခရိုင်တို့မှ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ ကလေးခရိုင်မှ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်အတွင်းရှိမြို့နယ်များမှ မြို့နယ်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်နိုင်သိန်း၊ ဦးခင်ရီ၊ ဦးဝင်းထွန်း၊ ဦးအုန်းမြင့်နှင့် ဒေါက်တာမြအေး၊ ဒုတိယ

ဗိုလ်ချုပ်ကြီးကို
ဒုတိယဝန်ကြီး
တို့က နိုင်ငံတေ
ရေးလုပ်ငန်း
စီမံအုပ်ချုပ်လု
များ၊ ၂၀၁၄ ခု
ကျွတ် သန်းခေ
မည့်အခြေအနေ
ဇာတနှင့်
ထိန်းသိမ်းရေး
များဆောင်ရွက်
အားပေးမြှင့်တ
မြင့်မားရေးလုပ်
နေမှု၊ ပြည်သူ
များနှင့် ကျေးလ
အဆင့်အတန်
ဆောင်ရွက်ပေး
တရားဥပဒေစိ
ဆောင်ရွက်နေ

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးမှ

၁၆ - ၂ - ၂၀၁၃

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်
မြန်မာ (ကျပ်)	၈၅၉. ၀၀၀
ထိုင်း (ဘတ်)	၂၉. ၈၅၉၉
တရုတ် (ယွမ်)	၆. ၂၃၀၈၀
အိန္ဒိယ(ရူပီး)	၅၄. ၃၁၈၀
မလေးရှား (ရင်းဂစ်)	၃. ၀၉၄၀၀
စင်ကာပူ (ဒေါ်လာ)	၁. ၂၃၇၁၀
ဂျပန် (ယန်း)	၉၃. ၅၁၅၀
တောင်ကိုရီးယား(ဝမ်)	၁၀၇၈. ၈၅
ယူရို	၀. ၇၄၈၁၅
ဗြိတိသျှ (ပေါင်)	၀. ၆၄၄၅၈

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထ
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူ
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကလေးမြို့ရှိ ဒေသခံတပ်နယ် အောင်ဇေယျရိပ်သာခန်းမ၌ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

အစိုးရယန္တရားသွက်လက်မြန်ဆန်စွာ မောင်းနှင်နိုင်ရေး ဆောင်ရွက်ရာတွင် အောက်ခြေအဆင့် ဝန်ထမ်းများက တာဝန်သိသိ သစ္စာရှိရှိဖြင့် ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယမန်နေ့ညနေ ၄ နာရီတွင် ကလေးမြို့ရှိ ဒေသခံတပ်နယ် အောင်ဇေယျရိပ်သာခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံသည်။

တွေ့ဆုံပွဲ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ခင်အောင်မြင့်၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကလေးခရိုင်၊ မော်လိုက်ခရိုင်နှင့်တမူးခရိုင်တို့မှ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ ကလေးခရိုင်မှ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်အတွင်းရှိမြို့နယ်များမှ မြို့နယ်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်နိုင်သိန်း၊ ဦးခင်ရီ၊ ဦးဝင်းထွန်း၊ ဦးအုန်းမြင့်နှင့် ဒေါက်တာမြအေး၊ ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးလှထွန်းနှင့် ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်တို့က နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် စီမံအုပ်ချုပ်လုပ်ကိုင်မှု အခြေအနေများ၊ ၂၀၁၄ ခုနှစ်တွင် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူမည့်အခြေအနေ၊ သစ်တောသယံဇာတနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် နိုင်ငံတော်က အားပေးမြှင့်တင်ပေးနေမှု၊ ပညာရည်မြင့်မားရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများနှင့် ကျေးလက်ဒေသကျန်းမာရေးအဆင့်အတန်းမြင့်မားရေးအတွက် ဆောင်ရွက်ပေးနေမှု၊ အုပ်ချုပ်ရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် မိမိတို့အစိုးရ ယန္တရားလည်ပတ်နေမှု၏ ဦးတည်ချက်မှာ တိုင်းပြည်တည်ငြိမ်အေးချမ်းစွာဖြင့် တရားဥပဒေစိုးမိုးပြီး ကမ္ဘာ့အလယ်တွင် တင့်တယ်စွာရပ်တည်နေနိုင်ရေးနှင့် နောက်ကျကျန်နေသည့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက်ဖြစ်ကြောင်း၊ အစိုးရယန္တရားသွက်လက်မြန်ဆန်စွာ မောင်းနှင်နိုင်ရေးအတွက် ဆောင်ရွက်ရာတွင် အောက်ခြေအဆင့်အထိ ဝန်ထမ်းများကလည်း တာဝန်သိသိ သစ္စာရှိရှိဖြင့် မှန်မှန်ကန်ကန် လုပ်ကိုင်ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း။

နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲရေး လုပ်ငန်းများဆောင်ရွက်နေရာတွင် ကဏ္ဍနှစ်ခုစလုံး၌ အထိုက်အလျောက် အောင်မြင်မှုများ ရရှိနေပြီဖြစ်ကြောင်း၊ ထို့အတူ အခက်အခဲနှင့် စိန်ခေါ်မှုများကိုလည်း ရင်ဆိုင်တွေ့ကြုံနေရသည်များလည်းရှိကြောင်း၊ ယခုကာလသည် နိုင်ငံတော်ကြီးကို ဒီမိုကရေစီလမ်းကြောင်းဖြင့် လျှောက်လှမ်းနေရာ ခေတ်စနစ်ပါပြောင်းလဲနေရချိန်ဖြစ်ကြောင်း၊ ဆက်လက်ပြီး လိုက်ပါပြောင်းလဲရန် ကျန်ရှိနေသည်မှာ လူပုဂ္ဂိုလ်များပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ဝန်ထမ်းများအနေဖြင့် ဌာနအကြီးအကဲ အဆင့်မှသည် အောက်ခြေအဆင့်အထိ ခေတ်စနစ်နှင့်အညီ လိုက်ပါပြောင်းလဲကြရန် လိုအပ်ကြောင်း၊ အစိုးရယန္တရားကို အောင်မြင်စွာ မောင်းနှင်နိုင်ရန်အတွက် တာဝန်ရှိသူများအနေဖြင့် အရည်အချင်းရှိရန်နှင့် အကျင့်စာရိတ္တပါ ကောင်းမွန်ရန်လိုအပ်ကြောင်း၊ ယင်းအချက်နှစ်ရပ်နှင့် ပြည့်စုံရန်အတွက် မိမိတို့၏ စိတ်ဓာတ်နှင့် လုပ်နည်းလုပ်ဟန်ကို ပြုပြင် ပြောင်းလဲနေရမည်ဖြစ်ကြောင်း၊ လူတိုင်းသည် မိမိကိုယ်ကို မိမိအသိဆုံးဖြစ်ရာ အသိစိတ်ဓာတ်ရှိရှိဖြင့် သုံးသပ်ဆန်းစစ်နေရန်လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံသည် ကမ္ဘာ့အလယ်တွင် တင့်တင့်တယ်တယ်နှင့် ဂုဏ်သိက္ခာရှိသည့် နိုင်ငံကြီးဖြစ်လာစေရေးအတွက် အားလုံးက ခွန်အားပြည့်ဖြင့် တက်ညီလက်ညီဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်းဖြင့် တိုက်တွန်းပြောကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၆ - ၂ - ၂၀၁၃

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ (ကျပ်)	၈၅၉. ၀၀၀	၀. ၀၀၁၁၆
ထိုင်း (ဘတ်)	၂၉. ၈၅၉၉	၀. ၀၃၃၄၉
တရုတ် (ယွမ်)	၆. ၂၃၀၈၀	၀. ၁၆၀၄၉
အိန္ဒိယ(ရူပီး)	၅၄. ၃၁၈၀	၀. ၀၁၈၄၁
မလေးရှား (ရင်းဂစ်)	၃. ၀၉၄၀၀	၀. ၃၂၃၂၂
စင်ကာပူ (ဒေါ်လာ)	၁. ၂၃၇၁၀	၀. ၈၀၈၃၄
ဂျပန် (ယန်း)	၉၃. ၅၁၅၀	၀. ၀၁၀၆၉
တောင်ကိုရီးယား(ဝမ်)	၁၀၇၈. ၈၅	၀. ၀၀၀၉၃
ယူရို	၀. ၇၄၈၁၅	၁. ၃၃၆၆၃
ဗြိတိသျှ (ပေါင်)	၀. ၆၄၄၅၈	၁. ၅၅၁၄၀

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Tomas Ojea Quintana ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ Mr. Tomas Ojea Quintana သည် ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူး Mr. Ashok Nigam နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမအပေါ်ထပ် အစည်းအဝေးခန်းမ၌ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာတင်ထွန်း၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာအောင်ကျော်၊ အင်္ဂလိပ်စာ၊ သမိုင်း၊ ဥပဒေ၊ ရူပဗေဒနှင့် နိုင်ငံတကာဆက်ဆံရေးပညာဌာနများမှ ပါမောက္ခ/ဌာနမှူးများနှင့် ပါရဂူ၊ မဟာတန်းများမှ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

ထို့နောက် ပါမောက္ခ/ဌာနမှူးများ၊ ပါရဂူနှင့် မဟာတန်းများမှ ကျောင်းသား ကျောင်းသူများက မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာများ၊ ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်ကိစ္စရပ်များ၊ တက္ကသိုလ်နှင့် နိုင်ငံတကာဥပဒေများ၊ ကုလသမဂ္ဂဆိုင်ရာများနှင့် စပ်လျဉ်း၍ ပြန်လည်ဆွေးနွေးကြသည်။

ထိုမှတစ်ဆင့် Mr. Tomas Ojea Quintana သည် တက္ကသိုလ်ရိပ်သာလမ်းရှိ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီဥက္ကဋ္ဌ၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်သို့ သွားရောက်၍ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံသည်။

မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Tomas Ojea Quintana သည် ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာရာ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းသို့ပြန်လည်မထွက်ခွာမီ Mr. Tomas Ojea Quintana သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံခရီးစဉ်နှင့်စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်ကိုဖတ်ကြားပြီး ရန်ကုန်မြို့ရှိ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင်သတင်းထောက်များ၊ စာနယ်ဇင်းများမှ အယ်ဒီတာအဖွဲ့ဝင်များနှင့် သတင်းထောက်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။ **(သတင်းစဉ်)**

မြတ်ဗုဒ္ဓအလိုတော်ကျ ဒေသနာနယ

ဗုဒ္ဓအဘိဓမ္မာကို အခြေပြုထားသော ဒေသနာနယ ဆေးပညာများကို ဗုဒ္ဓဟောကြားထားချက်များနှင့်အညီ ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ရောဂါဗေဒဆိုင်ရာတို့နှင့် ဇီဝလုပ်ဆောင်မှု အယူအဆသဘောတရားတို့ကို ဆရာဦးဖြေ (ဒေဝယက္ခ)က ကျမ်းဂန်များလာအတိုင်းပြုစုတင်ပြထားသည်။ ဆေးသိပ္ပံအမြင်၊ ဒေသနာရှုထောင့်အမြင်ဖြင့် တစ်ပြိုင်တည်း လေ့လာနိုင်သည့် မြတ်ဗုဒ္ဓအလိုတော်ကျ ဒေသနာနယ စာအုပ်ကို အဖြေစာပေ အမှတ် (၃၇၃)၊ သနတ်ပင်လမ်း(အုန်းပင်တန်း) ပဲခူးမြို့ ဖုန်း-၀၅၂ -၂၁၄၂၂၊ ၀၉-၅၃၀၀၁၄၁ က တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့်ဖြန့်ချိသည်။

ကျွန်တော့်ဘဝကို လွှမ်းမိုးသော စာအုပ်များမှသည် လူငယ်များသို့

လူငယ်လူရွယ်များ စာအုပ်စာပေများအပေါ်တွင်ပါ ချစ်ခင်မြတ်နိုးတန်ဖိုးထားတတ်လာစေရန် စာအုပ်များကို ပြန်လည်ညွှန်းဆိုကာ စာဖတ်လိုစိတ်ကို နှိုးဆွပေးထားသည်။ ထို့ပြင် စာဖတ်သူ လူငယ်များအတွက် သင့်တော်မည့်ကောင်းနိုးရာရာစာအုပ်များအကြောင်းကို မိတ်ဆက်တင်ပြပေးထားသည်။ စာရေးသူ ချစ်နိုင်(စိတ်ပညာ) က စာအုပ်စာပေများသည် ဘဝကို မည်သို့မည်ပုံ လွှမ်းမိုးဦးဆောင်နိုင်သည်ကို တင်ပြပေးထားသည်။ ယင်းစာအုပ်ကို နိုင်စာပေ ဖုန်း ၀၁-၅၅၁၇၁၉ မှ တန်ဖိုး ငွေကျပ် ၁၀၀၀ ဖြင့် ဖြန့်ချိသည်။

၂၀၁၃ ခုနှစ် ရွှေမန်းပေဒင်ဒိုင်ယာရီ

ဆရာမင်းသိန်းက နေ့စဉ်ဆောင်ရွက်သမျှကိစ္စများအတွက် အချိန်ကောင်း၊ အခါ ကောင်းများ၊ ဆောင်ရန်၊ ရှောင်ရန်များကို ကွက်ကွက် ကွင်းကွင်း ရေးသားဖော်ပြထားပြီး ဖွားမြင်လာမည့် မိမိရင်သွေးငယ်များအတွက် အချိန်ကောင်း၊ အခါကောင်းများ၊ ကံအကောင်း၊ အဆိုးများ၊ နေ့စဉ်အစွမ်းထက် ယတြာများကို အသေးစိတ်ဖော်ပြထားသည်။ ဤစာအုပ်ကို ပဥ္စရူပစာအုပ်တိုက်၊ ဟီးရိုးစာပေနှင့် အခြားစာအုပ်ဆိုင်ကြီးများတွင် တစ်အုပ်လျှင် ငွေကျပ် ၃၅၀၀ ဖြင့် ဝယ်ယူနိုင်သည်။

Game ထည့်သွင်းခြင်းနှင့် ကစားနည်းလမ်းညွှန်



ယခုအချိန်တွင် Computer Game ကို လူငယ်များသာမက လူကြီးပိုင်းကပါ စိတ်ကိုအပန်းဖြေသည့်အနေဖြင့် ကစားလာကြရာ ဟိန်းဇော်၏ Game ထည့်သွင်းခြင်းနှင့် ကစားနည်းလမ်းညွှန်စာအုပ်မှာ လူငယ်များအတွက် လိုအပ်ပေသည်။ ယင်းစာအုပ်တွင် Game အမျိုးမျိုး၊ Install ပြုလုပ်ပုံ၊ Game များ၏ Hardware မှအစ ကစားနည်းအမျိုး မျိုးကို ဖော်ပြထားသည်။ စာအုပ်ကို မဇ္ဈိမစာပေ အမှတ်(၄၇) (၃)လမ်း (၁၁)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့မှ တစ်အုပ်လျှင် ငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိလိုက်သည်။

ကွန်ပျူတာဖြင့် သီချင်းများဖန်တီးခြင်း(သို့မဟုတ်) FL Studio



ပြည့်စုံကောင်းမွန်သော ဂီတကို ဖန်တီးနိုင်သည့် music software ဖြစ်သည်။ Multi Track အများအပြား ပါဝင်သည်။ Track များအတွက် Mixing ပြုလုပ်ခြင်းနှင့် VST ခေါ် Virtural Studio Technology အထူးပြုလုပ်ချက်အသံများကို ထည့်သွင်းအသုံးပြုခြင်းများပါဝင်သည်။

မင်းသန့်အောင်ရေးသားပြီး မနောဖြူစာပေ အမှတ်(၂၃၅)၊ မြေညီထပ် (၃၇)လမ်း(အထက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိ၍ ဖုန်း-၀၉-၇၃၀၄၃၈၇၃၊ ၀၉-၇၃၂၄၆၉၈၀ သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။

သာလွန် အင်္ဂလိပ်-မြန်မာ အဘိဓာန်



ဤအဘိဓာန်တွင် ဝေါဟာရစကားလုံး ရှင်းလင်းချက် ၄၀၀၀၀ ကျော် နေ့စဉ်အသုံးပြုစကားလုံးများ၊ ရှင်းလင်း လွယ်ကူစွာဖွင့်ဆိုထားသည့် compounds & Pharses များ၊ နောက်ဆုံးပေါ်ခေတ်သုံးဝေါဟာရများကို အတိကျဆုံး၊ အမှန်ကန်ဆုံးအသံထွက်စနစ်ဖြင့် အပြည့်စုံဆုံးဖြစ်အောင် ရေးသားပြုစု၍ အမှတ်(၅၂၅) သာလွန်စာအုပ်တိုက် ကုန်သည်လမ်းနှင့် (၃၈) လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ဖုန်း -၂၄၂၀၃၈၊ ၃၇၃၇၁၂ မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။

အသေးစားနှင့် အလတ်စားလုပ်ငန်းများတွင် e-commerce ဖွံ့ဖြိုးမှု

မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)

ဈေးကွက်သည် e-commerce ဖွံ့ဖြိုးမှုကို မောင်းနှင်ပေးသည်။ သို့သော် ယင်းကိုဆောင်ရွက်ပေးသည်မှာ ပုဂ္ဂလိကအခန်းကဏ္ဍပင်ဖြစ်သည်။ သို့ရာတွင် အသေးစားနှင့် အလတ်စားလုပ်ငန်းများက ကျယ်ပြန့်သော e-commerce အသုံးပြုမှုကို တွန်းအားပေးရန် ဆွဲဆောင်မှု မက်လုံးများကို အစိုးရက ပံ့ပိုးပေးနိုင်သည်။ e-SME ဖွံ့ဖြိုးမှု ပရိုဂရမ်တွင် အခန်းကဏ္ဍအသီးသီးက အသေးစားနှင့် အလတ်စားလုပ်ငန်းများသို့ နည်းပညာအထောက်အကူ ပံ့ပိုးပေးနိုင်သည်။ ဤသည်မှာ e-commerce ကို အဆင့်မြှင့်ရန်ဖြစ်သည်။ ဘဏ်များမှ ဘဏ္ဍာရေးပံ့ပိုးမှုနှင့် လေ့ကျင့်ရေးအဖွဲ့အစည်းများနှင့် ကော်ပိုရေးရှင်းများကို အသေးစားနှင့် အလတ်စားလုပ်ငန်းဖွံ့ဖြိုးမှုအတွက် အားပေးသင့်သည်။

ယင်းသည် အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ တိကျသောလိုအင်များကို ဆောင်ရွက်ပေးလိမ့်မည် ဖြစ်သည်။ အထူးသဖြင့် အောက်ပါအဆင့်များကို ဆောင်ရွက်ရမည်ဖြစ်ပါသည်-

၁။ ဈေးနှုန်းများလျှော့ချခြင်းဖြင့် စွန့်ဦးလုပ်ငန်းရှင်များဖြစ်လာရန် တစ်ဦးချင်းစီသို့ ဆွဲဆောင်မှု မက်လုံးများပံ့ပိုးပေးရန်။
၂။ စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုတွင် e-commerce အသုံးပြုရန်ရည်ရွယ်ထားသော အသေးစားနှင့် အလတ်စားလုပ်ငန်းများကို ဆွဲဆောင်မှု မက်လုံးများ ပံ့ပိုးပေးရန်။
၃။ အိုင်စီတီနှင့် e-commerce အသုံးပြုရန်အလို့ငှာ အသေးစားနှင့် အလတ်စားလုပ်ငန်းများသို့ အကြွေးဝယ်ယူမှုတိုးချဲ့ရေး ကျယ်ပြန့်လာစေရန်။
၄။ စီးပွားရေးလုပ်ငန်းဆိုင်ရာ ဆော့ဖ်ဝဲများနှင့် ဆော့ဖ်ဝဲလိုင်စင်များဆိုင်ရာ လျှော့ချဈေးများ ပေးစွမ်းရန်။

ထို့ပြင် အသေးစားနှင့် အလတ်စားလုပ်ငန်းများကို အိုင်စီတီနှင့် e-commerce ဆိုင်ရာ အခမဲ့သင်တန်းပေးစွမ်းခြင်းဖြင့် အသေးစားနှင့် အလတ်စားလုပ်ငန်းများကို နည်းပညာလွှဲပြောင်းပေးရန် စီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့် ကော်ပိုရေးရှင်းများကို အားပေးရမည်ဖြစ်ပါသည်။

အသေးစားနှင့် အလတ်စားလုပ်ငန်းများတွင် သတင်းအချက်အလက်နည်းပညာနှင့် e-commerce ဆိုင်ရာ မလုံလောက်သော ဗဟုသုတမရှိသူများရှိကြသည်။ ယင်းလုပ်ငန်းများသည် e-commerce အသုံးပြုခြင်းတွင် အဓိကအခက်အခဲတစ်ခုအနေဖြင့် ယင်းတို့၏ နည်းပညာဆိုင်ရာ ဗဟုသုတနည်းပါးမှုကို သိရှိထားကြသည်။ အိုင်စီတီနှင့် e-commerce အသုံးပြုမှုနှင့် ဆက်နွှယ်သော e-commerce ပေါ်လစီများ၊ အကောင်းဆုံးအတွေ့အကြုံများ၊ အောင်မြင်မှုတက်လမ်းများ၊ အခွင့်အလမ်းများ၊ အခက်အခဲများနှင့်ပတ်သက်၍ အသေးစားနှင့် အလတ်စားလုပ်ငန်းများကို သတင်းအချက် ဖြန့်ဖြူးရန် လှုပ်ရှားဆောင်ရွက်မှုတစ်ခုတွင် အစိုးရနှင့် ပုဂ္ဂလိကအခန်းကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုကို ချိတ်ဆက်နိုင်သည်။ ယင်းစိတ်ဝင်စားမှုဆိုင်ရာ လှုပ်ရှားမှုများတွင် e-commerce ဆိုင်ရာ အခမဲ့သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများ ပါဝင်သည်။ ထို့ပြင် အလတ်စားလုပ်ငန်းများကို ကူညီရန် လုံခြုံရေးနှင့် သီးသန့်တည်ရှိမှု ဆုချီးမြှင့်မှုအစီအစဉ်များနှင့် သတင်းအချက်အလက်ဌာနများ ပါဝင်ပါသည်။ နောက်ဆုံးတွင် သတင်းအချက်အလက် လှုပ်ရှားမှုသည် စီးပွားရေးအတွက် အလုံးစုံ e-commerce ဖွံ့ဖြိုးမှု မဟာဗျူဟာတွင် ပါရှိသည်။

စီးပွားရေးလုပ်ငန်းများနှင့် အခန်းကဏ္ဍဆက်နွှယ်နေသော လှုပ်ရှားဆောင်ရွက်မှုများသည် အွန်လိုင်းသို့ ရွှေ့လျားရန် လှုံ့ဆော်လျှင်အစိုးရအနေဖြင့် e-commerce ကို ဦးဆောင်အသုံးပြုသင့်သူ ဖြစ်သည်။ ဤသို့ဖြင့် အစိုးရသည် အပြုသဘောဆောင်သော လွှမ်းမိုးမှုဖြစ်လာသည်။ e-Government အနေဖြင့် ကုမ္ပဏီမှတ်ပုံတင်ခြင်း၊ အခွန်ကောက်ခံခြင်း၊ ဝန်ထမ်းနှင့်စီးပွားရေးလုပ်ငန်းဆက်နွှယ်သောလိုအပ်မှုများ အမျိုးအစားအတွက် လျှောက်ထားမှုများကဲ့သို့ အွန်လိုင်းအပေးအယူလုပ်ငန်းအမျိုးမျိုး၏ပုံစံကို ရယူနိုင်သည်။

ဤတွင် ဖွံ့ဖြိုးပြီး အမျိုးသားအဆင့် သတင်းအချက်အလက် အခြေခံအဆောက်အအုံသည် လိုအပ်သည်။ သို့သော် အသေးစားနှင့် အလတ်စားလုပ်ငန်းများဆိုင်ရာ e-commerce အတွက် လုံလောက်သော အခြေအနေ မရှိချေ။ ယုံကြည်စိတ်ချရပြီး ဈေးသက်သာသော တယ်လီကွန်မြူနစ်ကေးရှင်းနှင့် အခြားသတင်းအချက်အလက်လုပ်ငန်းများမရှိဘဲ အသေးစားနှင့် အလတ်စားလုပ်ငန်းများသည် အွန်လိုင်းသို့ သွားနိုင်မည်မဟုတ်ချေ။ ယင်းနှင့် စပ်လျဉ်း၍ အရေးကြီးသောမဟာဗျူဟာသည် တယ်လီစင်တာများ(သို့) အီလက်ထရွန်နစ်အဖွဲ့အစည်းဌာန တည်ဆောက်ခြင်းပင်ဖြစ်သည်။ ယင်းသည် အထူးသဖြင့် ကျေးလက်နေရာများတွင် အဖွဲ့အစည်းက မျှဝေသော လက်ခံမှု၊ ဆက်စပ်မှုနှင့် ဆက်စပ်မှုပလက်ဖောင်းအနေဖြင့် ဆောင်ရွက်လိမ့်မည်ဖြစ်သည်။ ဥပမာအားဖြင့် အီလက်ထရွန်နစ်စိုက်ပျိုးရေး သတင်းအချက်အလက်ဌာနသည် ကျေးလက်ဒေသရှိ လယ်သမားများသို့ ဈေးကွက်သတင်းအချက်အလက်ကို ပံ့ပိုးပေးသည်။ ယင်းတယ်လီစင်တာများသည် စွမ်းရည်တည်ဆောက်ရေး၊ ကျွမ်းကျင်မှုမြှင့်တင်ရေး၊ သင်တန်းပေးခြင်း၊ ဆက်သွယ်ရေးတို့အတွက် နေရာတစ်ခုဖြစ်သည်။ အစိုးရအနေဖြင့် ကုန်ကျစရိတ်များလျှော့ချရန် အင်တာနက်အသုံးပြုမှုသို့ ပေါင်းစည်းတည်ရှိသော ချဉ်းကပ်မှုများကိုလည်း ရွေးချယ်လက်ခံနိုင်သည်။

အစိုးရအနေဖြင့် အသေးစားနှင့် အလတ်စားလုပ်ငန်းများ လမ်းညွှန်ချက်များ ပံ့ပိုးနိုင်သည်။ စွန့်ဦးလုပ်ငန်းရှင်များသည် စားသုံးသူများကို ဘေးကင်းရေးအာမခံရုံမျှမက သတင်းအချက်အလက်ပေးရန် သူတို့၏ ဝက်ဘ်ဆိုက်များပေါ်တွင် ပြသနိုင်သည်။ အပြည်ပြည်ဆိုင်ရာ တရားဝင်အသိအမှတ်ပြုထားသော ဝက်ဘ်ဆိုက် အခြေခံအွန်လိုင်း နှုန်းသတ်မှတ်ချက်အစီအစဉ်များမှတစ်ဆင့် အသေးစားနှင့် အလတ်စားလုပ်ငန်းများကို အားပေးသင့်သည်။ အစိုးရအနေဖြင့် စွမ်းရည်တည်ဆောက်ရေး၊ လေ့ကျင့်သင်တန်းပေးခြင်းနှင့် ဝက်ဘ်ဒီဇိုင်းကဲ့သို့ e-commerce အထောက်အကူပြုလုပ်ငန်းများအတွက် ပိုင်းလော့ပရောဂျက်များနှင့် ပရိုဂရမ်များကို ဦးစီးရှေ့ဆောင်ပြုလုပ်နိုင်သည်။

{Ref: e- SME development by Zoragda Ruth Andam}

လယ်ယာမြေမှတ်ပုံတင်ခြင်းနှင့် လုပ်ပိုင်ခွင့်လက်မှတ်ထုတ်ပေးခြင်း မိုင်းနောင်၌ မတ်လကုန်တွင် အပြီးဆောင်ရွက်ပေးမည်

မိုင်းနောင် ဖေဖော်ဝါရီ ၁၆

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် ကျေးသီးမြို့နယ် မိုင်းနောင်မြို့နယ်ခွဲတွင် လယ်ယာမြေဥပဒေ၊ မြေလွတ်မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေနှင့် နည်းဥပဒေများ၊ လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် မှတ်ပုံတင်ခြင်း၊ မြေကြီးမြေပုံမှန်ကန်ရေး၊ လုပ်ပိုင်ခွင့်လက်မှတ်ထုတ်ပေးခြင်း ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၅ ရက်တွင် မိုင်းနောင်မြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျေးသီးမြို့နယ်မြေစာရင်းဦးစီးမှူး ဦးဝင်းမြင့်ဦးက လယ်ယာမြေဥပဒေ၊ မြေလွတ်မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေနှင့် နည်းဥပဒေများ၊ လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် မှတ်ပုံတင်ခြင်း၊ မြေကြီးမြေပုံမှန်ကန်ရေး၊ လုပ်ပိုင်ခွင့်လက်မှတ်ထုတ်ပေးခြင်း ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း၊ လယ်ယာမြေမှတ်ပုံတင်ခြင်းနှင့် လုပ်ပိုင်ခွင့် လက်မှတ်ထုတ်ပေးခြင်း လုပ်ငန်းများကို မတ်လကုန်တွင် ပြီးစီးအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စိုင်းတင်ဦး(ရှမ်း/တောင်)

မြို့တွင်းရေးရာ

စာတည်းမှူးထံ ရောက်ရှိလာသော ပေးစာများ

ယခုအခါ ပူပြင်းသောနွေရာသီသို့ရောက်ရှိလာပြီဖြစ်ရာ မီးဘေးအန္တရာယ် စိုးရိမ်မှုများကြောင့် မိမိတို့ပတ်ဝန်း ကျင်တွင် မီးလောင်လွယ်သော အမှိုက်သရိုက်များ၊ လောင်စာဆီများကို စည်းကမ်းတကျထားရှိဖို့လိုအပ်သည်။ ယခုတစ်ပတ် စာတည်းမှူးထံရောက်ရှိလာသော ပေးစာများတွင်လည်း အများအားဖြင့် မီးဘေးအန္တရာယ်စိုးရိမ်ရမှုနှင့်ဆိုင်သော ပေးစာများကို ဖော်ပြရလျှင်-

အလူမီနီယံ ဖြတ်တောက်သံများ ဆူညံ

သယ်န်းကျွန်းမြို့နယ် သုဝဏ္ဏ(၂၉)ရပ်ကွက် သံသုမာလမ်းမကြီးနှင့် မီးဒုံးလမ်းထောင့်ရှိ အလူမီနီယံဆိုင်မှ နေ့စဉ်အလူမီနီယံဖြတ်တောက်သံများ၊ ထုရိုက်သံများ၊ ဝရိန်ဆော်ခြင်းတို့ကြောင့် သက်ကြီးရွယ်အိုများ ကျန်းမာရေးထိခိုက်ခြင်း၊ အနံ့ဆိုးများပျံ့နှံ့ခြင်း၊ မီးဘေးစိုးရိမ်ရခြင်းတို့ဖြစ်ပေါ်နေပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြလာသောစာ။

လှေကားခွင်မှ မီးလောင်လွယ်သော ပစ္စည်းများ

မင်္ဂလာတောင်ညွန့်မြို့နယ် ရေတွင်းကုန်းရပ်ကွက် လမ်း (၁၂၀) တိုက်အမှတ်(၅)ရှိ လှေကားခွင်တွင် ဓာတုဗေဒပစ္စည်းများ၊ သံတိုသံစများ၊ မီးလောင်လွယ်သောပစ္စည်းများ စုပုံထားပါသဖြင့် သက်ဆိုင်ရာမှ ရှင်းလင်းဖယ်ရှားပေးပါ ရန် တင်ပြလာသောစာ။

အိမ်ဆိုင်များမှ လောင်စာဆီများ

လှိုင်းဘွဲ့မြို့ပေါ် (က)၊(ခ)၊(ဃ) ရပ်ကွက်ရှိ အိမ်ဆိုင်များတွင် လောင်စာဆီများ သိုလှောင်ရောင်းချလျက်ရှိရာ ပတ်ဝန်းကျင်ရှိနေအိမ်များနှင့် ရပ်ကွက်အတွင်းရှိပြည်သူများ မီးဘေးအန္တရာယ်စိုးရိမ်ရပါသဖြင့် သင့်လျော်သည့်နေရာသို့ပြောင်းရွှေ့ပေးပါရန် တင်ပြလာသောစာ။

ရပ်ကွက်အတွင်းမှ ကော်လုပ်ငန်းစိစစ်ပေးပါ

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ဘုမ္မာလမ်း (၂၀)နှင့် (၂၁)လမ်းတို့တွင် နေအိမ်အတွင်း၌ ကော်လုပ်ငန်းများ လုပ်ကိုင်လျက်ရှိရာ ကော်ကြိတ်စက်မှ ဆူညံသံများ၊ လမ်းဘေးတွင် ကော်အိတ်များ ချထားမှုကြောင့် သွားလာရန်ခက်ခဲမှုများ ဖြစ်ပေါ်နေသည့် အပြင် နွေရာသီ မီးဘေးအန္တရာယ်ပါ စိုးရိမ်ရပါသဖြင့် သက်ဆိုင်ရာမှ စိစစ်ဆောင်ရွက်ပေးပါရန်တင်ပြလာသောစာ။

ရပ်ကွက်အတွင်းက ဝက်မွေးမြူရေးခြံ

မွန်ပြည်နယ် မုဒုံမြို့နယ် ဒိုင်းပြိုင်ရွာအနောက်ပိုင်း လူနေ ထူထပ်သောရပ်ကွက်ရှိ အိမ်တစ်အိမ်တွင် ဝက်များကို စီးပွားဖြစ်မွေးမြူထားပြီး စည်းကမ်းမဲ့မှုကြောင့် ဆိုးရွားသော အနံ့အသက်ဆိုးများ၊ ဝက်အော်သံများကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရပါသဖြင့် စစ်ဆေးတားမြစ်ပေးပါရန် တင်ပြလာသောစာ။

လမ်းထိပ်မှအမှိုက်ပုံ မီးဘေးစိုးရိမ်

မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီရပ်ကွက် အပိုင်း (၁) နတ်သျှင်နောင်လမ်းထိပ်(အနော်ရထာလမ်းမဘေး)ရှိ အမှိုက်ပုံကြီးသည် ရပ်ကွက်လူနေအိမ်များအတွက် အချိန်မရွေး မီးဘေးကျရောက်နိုင်ပါသဖြင့် ယင်းအမှိုက်ပုံကြီး မရှိစေရေး ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြလာသောစာ။

မူလလမ်းအကျယ်အတိုင်း ဖြစ်စေလို

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြို့လှဈေး (၁)ရပ်ကွက် သစ္စာလမ်းသည် ယခင်က အကျယ် ၃၅ ပေ ရှိခဲ့ရာမှ အိမ်ခြံနှစ်ခုမှ လမ်းမြေပေါ် ကျူးကျော်ထားမှုကြောင့် ကားအဝင်အထွက်ခက်ခဲခြင်း၊ မီးဘေးအန္တရာယ် စိုးရိမ်ရခြင်းတို့ကြောင့် မူလလမ်းအကျယ်အတိုင်း ဖြစ်စေရေး သက်ဆိုင်ရာမှ စစ်ဆေးဆောင်ရွက်ပေးပါရန် ပေးပို့လာသောစာများပင်ဖြစ်ပါသည်။

ရန်ကုန်-သာစည်(ရွာ) ချွန်းတပ်ရေယာဉ်နစ်မြုပ် ငါးဦးပျောက်ဆုံး

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းမြို့နယ်တွင် မြင်းကောင်ရေ ၂၀ အောက် ပဲ့ထောင်စက်တပ်ရေယာဉ် (ဒေသအခေါ် ချွန်း) တစ်စင်း ယနေ့ မွန်းလွဲ ၁ နာရီခန့်က ဘုန်းကြီးလမ်း ဇောတံတားအမှတ်(၂)မှ ရန်ကုန်-သာစည် (ဆိပ်ကြီးခနောင်တိုမြို့နယ်အတွင်းရှိရွာ)သို့ထွက်ခွာမည့်နေလင်း(၂) ရေယာဉ်သည် အဆိုပါကမ်းနားမှ အထွက်တွင် တိမ်းမှောက်သဖြင့် အမျိုးသမီး ငါးဦး ပျောက်ဆုံးနေကြောင်း (ကနဦး)သတင်းအရသိရသည်။

အဆိုပါနေလင်း(၂)ရေယာဉ်သည် ရန်ကုန်မှ ဆိပ်ကြီးခနောင်တို၊ ပန်းပင်ရှောင်၊ ဦထွန်းအို၊ စက်ဆန်း၊ စက်ကုလား၊ သာစည်၊ ကုလားတန်းခရီးစဉ်များကို မွန်းလွဲ ၁ နာရီတွင် နေ့စဉ်ထွက်သည်ဟု သိရသည်။ ယင်းရေယာဉ်ပေါ်တွင် လိုက်ပါလာသည့် ဒေါ်စိန်လှိုင် သာစည်ရွာ နေသူက “ ရွာကို နေ့လယ်ဘက် ပြေးဆွဲပေးတာ ဒီတစ်စင်းပဲရှိတယ်၊ လူဘယ်လောက်ပါတယ်ဆိုတာ မသိပါဘူး၊ ခုတ်မောင်းချိန်ကတော့ ရွာကို တစ်နာရီလောက်ကြာပါတယ်၊ ဝယ်လာတဲ့ ပစ္စည်းက သုံးသောင်းဖိုးရှိတယ်၊ ပိုက်ဆံအိတ်ထဲမှာလည်း သုံးသောင်းလောက်ပါသွားတယ်။ လူ့အသက်ထက် ဘာမှတန်ဖိုးမရှိပါဘူး၊ ဘယ်လိုဖြစ်တာလဲဆိုရင် ကြိုးဖြုတ်ပြီး ရေယာဉ်ကိုလှည့်လိုက်တာ စက်သံတောင်မကြားမိဘူး၊ ရေစီးနဲ့ မျောပြီး ရွှေတောင်တန်းအမှတ်(၁) ဇောတံတားမှာ ကြိုးချည်ရပ်ထားတဲ့ ပြည့်ဝသာလွန်မော်တော် နောက်မြီးကို တိုက်ပြီး တိမ်းမှောက်သွားတယ်၊ ကျွန်မတို့က အလယ်တန်းမှာ ထိုင်နေတာ၊ သင်္ဘောစောင်းသွားတော့ ရေတွေဝင်လာတယ်၊ နောက်တစ်ကိုယ်လုံး မြုပ်သွားတယ်၊ အဲဒီအချိန်မှာ ဘုရားတနေတာပေါ့၊ နောက် နေအလင်းရောင် တွေ့တဲ့ဘက်ကို တိုးထွက်လိုက်တော့ ဇောတံတားပေါ်က အမျိုးသားတွေက ဆွဲတင်တယ်၊ တစ်ကိုယ်လုံး ရေစိုနေတာ၊ အခုတော့ လူငွေ့ကြောင့် ခြောက်သွားတာပါ၊ ကျွန်မနဲ့ ညီမလေးလည်း နှစ်ဦးစလုံး အသက်ရှင်တယ်” ဟု ပြောသည်။

အဆိုပါ ရေယာဉ်နစ်မြုပ်မှုအား ဆိပ်ကမ်းရဲစခန်းက (ပ)၅၅/၁၃၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၈၀/၃၃၈ ဖြင့် အမှုဖွင့်အရေးယူထားပြီး ကုလားတန်းကျေးရွာနေ မတင်တင်မော်(ခ)မိမော် (၃၅)နှစ် အပါအဝင် စုစုပေါင်း အမျိုးသမီး ငါးဦး ပျောက်ဆုံးနေကြောင်း သိရသည်။ ရေယာဉ်မောင်းသူမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်း သိရသည်။

(၅၆၉)

မြန်ပြည်တစ်ခွင်သာစေချင် မီးတွင် မပေါ့နှင့်

ရွှေကြေးစည်-ကျိုက်ထီးရိုး / ချောင်းသာ

240860/372290 09-49282825

ချမ်းမိုင်သာ

ကျိုက်ထီးရိုး

0973198239, 0943033237, 0973163538

50% Discount Hotel Package

Air-Con, hot & cold water, Toilet

75000 Feb-22/28

Feb-14/28 75000

90000 Feb-22/28

90000 Feb-22/28

Ph: 09-73211079, 09-49250637, 09-420073607

RC1, RC2

ရွှေမဟာ-စာသင် ၊ စာကျက်ဝိုင်း

MSc, Ph.D ဘွဲ့ရ Guide များဖြင့်

(Modern Physics)

The Oasis Journal

ဆိုင်ပေါ်ရောက်ပြီ

09-421036363

09-420292860

First Step

Celebrity & Me

IC

Valentineday

Digital Life Technology Journal

Vol 1, Issue 42

ထွက်ပြီ

Hacking

QR

App

Sony Canon

Pacemaker

Ubuntu 12.10 Quantal Quetzal

E-mail : digital.life.journal@gmail.com

(01)392669, (09) 731 86027

ဝန်ထမ်းအလိုရှိသည်။

(၁) Air-Con ကျွမ်းကျင် (၅)ဦး

(၂) Air-Con အလုပ်သင်အကူ (၅)ဦး

(၃) ယဉ်မောင်း (၃)ဦး

PANDA (Engineering Group)

30(B),Daw Thein Tin St.MTNT,Yangon

09 5158803,09 73229024,09 5198402

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၂)၊ မြေကွက်အမှတ်(၉၂၁)၊ မြေကွက်တည်နေရာအမှတ် (၉၂၁)၊ (၁၂)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပ၊(ဒေါ်တင်မြ) အမည်ပေါက် နှစ်(၆၀)ဂရန် မြေအား အမည်ပေါက် ဒေါ်တင်မြနှင့် ခင်ပွန်းဦးမောင်မောင် ကွယ်လွန်သဖြင့် ဒေါ်မြစိန်[၁၂/ဥကတ(နိုင်)၀၁၉၆၄၂]က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်းကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ်-၁၄၉၅၇(၅-၉-၁၂) ဖြင့် လွှဲအပ်ခံရသူ အထွေထွေကိုယ်စားလှယ် ဦးအေးဇော်[၁၄/ရကန(နိုင်)၀၀၄၂၇၉]မှ မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၀)၊ မြေကွက်အမှတ်(၄၁၂)၊ မြေကွက်တည်နေရာအမှတ် (၄၁၂)၊ စိန်ပန်းလမ်း (၄၀)ရပ်ကွက်၊ ဒဂုံမြောက် (ဦးသန်းအေး) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသန်းအေးကွယ်လွန်သဖြင့် ဒေါ်တင်ရွှေ[၁၂/အစန(နိုင်)၀၀၉၀၇၅]မှ တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ GP ၂၀၅၆၂/၁၂(၃၁-၁၂-၁၂) ဖြင့် ဒေါ်ခင်ပပကျော် [၁၃/တယန(နိုင်)၀၀၂၆၃၁] ရရှိသူမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

Golden
Golden Myanmar Airlines

Vacancy Announcement (Local Only)

Senior or Junior Cabin Crew Male/Female (7)Posts

Qualification Requirements:

- Male & Female
- Single/ Unmarried (Attached with recommendation from respective Quarter General Administration Office).
- Age between 18 to 23 years as at 01 February 2013.
- Minimum education is attending 2nd year of respective University (Attached with recommendation from respective University).
- Minimum height of 5' 6" with proportionate weight of male.
- Minimum height of 5' 3" with proportionate weight of female.
- Excellent health and fitness (spectacles and contact lens are not accepted)
- Fluent in four skills English and other languages are preferable.
- Outgoing personality with good interpersonal skills and the ability to work with a multinational team
- Genuine interest to serve people

If you think you meet the above requirements, send us a detail and complete curriculum vitae with one recent full-length photograph and two passport size photos & copy of NRC card & census other testimonial documents.

Only short listed candidates will be informed.
Kindly indicate on the back of the envelope: sender's name, address and contact telephone number, and at the bottom left hand corner on the front of the envelope, mark you're applying position.

All application must be received not later than 20 February 2013 at 5:00PM at GMA office address below
5th Floor, Saya San Plaza, Corner of New University Ave & Saya San Road,
Bahan Township, Yangon, Myanmar.

အော်စကာဆုပေးပွဲတွင် အစီအစဉ်တင်ဆက်သူများအဖြစ် ဆောင်ရွက်မည့် ဆန်ခါတင်ဆုရှင်များဖြစ်သည့် ဒါရိုက်တာဘမ်အက်ဖ်လက်၊ သရုပ်ဆောင် ဂျနီဖာလောရန့်စ်၊ သရုပ်ဆောင် ဂျက်စီကာချက်စတိန်း။

အော်စကာဆန်ခါတင်ဆုရှင်များက အစီအစဉ်တင်ဆက်သူများအဖြစ် ပူးပေါင်းပါဝင်မည့် (၈၅) ကြိမ်မြောက် အော်စကာဆုပေးပွဲ

မကြာမီကျင်းပတော့မည့် အော်စကာဆုပေးပွဲ အခမ်းအနားတွင် အော်စကာဆုအတွက် ဆန်ခါတင်ရွေးချယ်ခြင်းခံထားရသည့် ဒါရိုက်တာဘမ်အက်ဖ်လက်၊ သရုပ်ဆောင် ဂျက်စီကာချက်စတိန်း၊ သရုပ်ဆောင် ဂျနီဖာလောရန့်စ်တို့က အစီအစဉ်တင်ဆက်သူများအဖြစ် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြမည်ဖြစ်ကြောင်း ကြာသပတေးနေ့က ကြေညာချက်ထုတ်ပြန်ထားသည်။

အဆိုပါအခမ်းအနားတစ်ခုလုံး၏ စီစဉ်တင်ဆက်သူအဖြစ် ဒါရိုက်တာသရုပ်ဆောင် ဆတ်မာ့ဖလိန်းက တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး အေဘီစီရုပ်သံလိုင်းမှ အခမ်းအနားအစီအစဉ်အစအဆုံးကို တိုက်ရိုက်ထုတ်လွှင့်ပြသပေးမည်ဖြစ်သည်။

၂၀၁၂ ခုနှစ်အတွက် အကောင်းဆုံးရုပ်ရှင်ထူးချွန်အော်စကာဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက်၌ အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ Hollywood & Highland စင်တာရှိ Dolby ပြဇာတ်ရုံ၌ ကျင်းပသွားမည်ဖြစ်သည်။

ယင်းအော်စကာဆုပေးပွဲတွင် ဒါရိုက်တာ ဘမ်အက်ဖ်လက်က ၎င်းရိုက်ကူးထားသည့် Argo ဇာတ်ကားဖြင့်လည်းကောင်း၊ သရုပ်ဆောင် ဂျက်စီကာချက်စတိန်းနှင့် ဂျနီဖာလောရန့်စ်တို့က အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုနှင့် အမျိုးသမီးဇာတ်ပို့ဆုတို့ကို လည်းကောင်း၊ Zero Dark Thirty ဇာတ်ကားနှင့် Silver Linings Playbook ဇာတ်ကားတို့က အကောင်းဆုံးဇာတ်ကားများအဖြစ်လည်းကောင်း ဆန်ခါတင်ရွေးချယ်ခြင်းခံထားရကြောင်း သိရသည်။

ဖြိုးစန္ဒာမြင့် စုစည်းသည်

ဂျပန်၌ အောင်မြင်မှုနယ်ပယ်ချဲ့ထွင်လိုသည့် ကိုရီးယားအဆိုတော် IU

ကိုရီးယားသရုပ်ဆောင်တစ်ဖြစ်လဲ အဆိုတော် IU။

ကိုရီးယားသရုပ်ဆောင်တစ်ဖြစ်လဲ အဆိုတော် IU က ၎င်း၏ အယ်လ်ဘမ်အသစ်ကို လာမည့်မတ်လ ၂၀ ရက်တွင် ဂျပန်နိုင်ငံ၌ ထုတ်ဝေဖြန့်ချိသွားမည်ဖြစ်ကြောင်း သူမ၏အေဂျင်စီက အတည်ပြုပြောကြားခဲ့ သည်။

IU သည် ယမန်နှစ်အတွင်းက ကိုရီးယားနိုင်ငံတွင်းမှာပင် ဂျပန်တေးဂီတပုံစံမျိုးဖြင့် ရေးသားသီဆို ထားသော Good Day နှင့် You & I အယ်လ်ဘမ်နှစ်ခုကို ထုတ်ဝေဖြန့်ချိခဲ့ရာ ယင်းအယ်လ်ဘမ် နှစ်ခုလုံး သည် Oricon ရောင်းအားစာရင်း၏ ထိပ်ဆုံး၌ ရပ်တည်နိုင်ခဲ့သည်။

ယခုအခါ IU က သူမ၏ အောင်မြင်မှုနယ်ပယ်ချဲ့ထွင်သည့် အနေဖြင့် ဂျပန်နိုင်ငံ၌ အယ်လ်ဘမ်အသစ် ထုတ်ဝေဖြန့်ချိလိုခြင်းဖြစ်ကြောင်း၊ မတ်လ ၂၇ ရက်တွင်လည်း ဂျပန်ပရိသတ်နှင့် တွေ့ဆုံပွဲ ပြုလုပ်သွားမည်ဖြစ်ကြောင်း IU၏ အေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

ယခုအသစ်ထွက်ရှိမည့် အယ်လ်ဘမ်အသစ်တွင် အမေရိကန်ရက်ပ်အဆိုတော်နှင့် ပေါ့ပ်အဆိုတော် နှစ်ဦး ရေးစပ်သီကုံးပေးထားသော သီချင်းနှစ်ပုဒ်ပါဝင်မည်ဖြစ်ပြီး ယင်းအယ်လ်ဘမ်သစ်အတွက် ပြည်တွင်းမီဒီယာများ၌ ပရိုမိုးရှင်းပွဲများကိုလည်း စတင်ကျင်းပနေပြီဖြစ်ကြောင်း သိရသည်။

မင်္ဂလာဦးဆုတောင်း

(၁၆-၂-၂၀၁၃)ရက်နေ့၌ နေပြည်တော်၊ မြတ်တော်ဝင်ဟိုတယ်၌ ကျင်းပခဲ့သော ချစ်တူလေး ဒေါက်တာထွန်းထွန်းဦး ဒုညွှန်ကြားရေးမှူး (ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး) နှင့် ဒေါက်တာခင်ချိုသင်း လက်ထောက်ညွှန်ကြားရေးမှူး (စက်မှုနှင့်သက်မွေး ပညာဦးစီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)တို့၏ မင်္ဂလာရက်မြတ်မှသည် ချစ်သက်နှစ်တစ်ရာတိုင် သာယာချမ်းမြေ့ပျော်ရွှင်စွာဖြင့် ရွှေလက်မြဲမြဲတွဲနိုင်ပါစေလို့ ဆုမွန်ကောင်း တောင်းလျှက်.....

ချစ်ဦးလေး ဦးဆန်းထွန်းအောင် MD (PSC Co., Ltd.)
အန်တီဟ MD (TDS Co., Ltd.)
ညီလေး သတိုးဆန်း
ညီမလေး အင်ကြင်းဝေ

PSC Co., Ltd. (ရန်ကုန် ဝန်ထမ်းများ)
PSC Co., Ltd. (ကျောက်မြို့ ဝန်ထမ်းများ)
PSC Co., Ltd. (နေပြည်တော် ဝန်ထမ်းများ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အားကစားဝန်ကြီးဌာန

၁။ အားကစားဝန်ကြီးဌာနရှိ ရန်ကုန်မြို့၊ ကျိုက္ကဆံကွင်း အနောက်ဘက်၊ ဂိတ်(၇)နှင့်(၉)ကြား မြေကွက်လပ်အား ဂေါက်သီးလေ့ကျင့်ရေးကွင်းအဖြစ် ငှားရမ်းလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၁၈-၂-၂၀၁၃ ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၂-၂-၂၀၁၃ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါ သည်။

၃။ အိတ်ဖွင့်တင်ဒါပါ ပုံစံများအား ရုံးအမှတ်(၃၁)၊ အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယ ပညာဦးစီးဌာန၊ ဖုန်း-၀၆၇-၄၀၆၂၁၈၊ ၄၀၆၂၁၉ သို့ လာရောက်ဆက်သွယ်ထုတ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
အားကစားနှင့်ကာယပညာဦးစီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အားကစားဝန်ကြီးဌာန

၁။ အားကစားဝန်ကြီးဌာနမှ အောက်ဖော်ပြပါ ပစ္စည်းများအား ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ခေါ်ယူအပ်ပါသည်-

(က)	လူ(၄၅)ဦးဆံ့ လူစီးယာဉ် aircon bus	(၃) စီး
(ခ)	(၁၂)ပေအရှည်ရှိ ကုန်တင်ယာဉ်	(၅) စီး
(ဂ)	ဘာဂီများ	(၅၀) စီး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၁၈-၂-၂၀၁၃ ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၂-၂-၂၀၁၃ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပါ ပုံစံများအား ရုံးအမှတ်(၃၁)၊ အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ ဖုန်း-၀၆၇-၄၀၆၂၁၈၊ ၄၀၆၂၁၉ သို့ လာရောက်ဆက်သွယ်ထုတ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
အားကစားနှင့်ကာယပညာဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တောင်သူလယ်သမားများ လက်ရှိလုပ်ကိုင်လျက်ရှိသောလယ်ယာမြေများအား လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်နှင့် ညီညွတ်စွာ လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဦးပိုင်လုပ်ကွက်အလိုက် ထုတ်ပေးမည့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်နှင့် သက်သေခံမြေပုံ(မြေစာရင်းပုံစံ-၁၀၅)တို့တွင် အတုအပ မပြုလုပ်နိုင်ရန် အဆင့်မြင့်နည်းပညာသုံး လုံခြုံရေးရောင်ပြန်ပြား **(Hologram)**ကပ်နှိပ် အသုံးပြုမည်ဖြစ်ပါသည်။

၂။ အထက်ပါ လုံခြုံရေးရောင်ပြန်ပြား **(Hologram)**ပြုလုပ်မှုနှင့် စပ်လျဉ်းပြီး ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန(ရုံးချုပ်)၊ မြေယာစီမံဌာနခွဲနှင့် ဘတ်ဂျက်နှင့်ငွေစာရင်းဌာနခွဲတွင် အိတ်ဖွင့်ဈေးနှုန်းပုံစံနှင့် စည်းကမ်းသတ်မှတ်ချက် တစ်စုံလျှင် ၁၀၀၀ိ/- ကျပ်နှုန်းပေးသွင်း၍ ရယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၂-၂-၂၀၁၃ ရက်(သောကြာနေ့) ၁၆း၃၀ နာရီဖြစ်ပြီး နေပြည်တော် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန(ရုံးချုပ်)၊ မြေယာစီမံဌာနခွဲသို့ လုံခြုံရေးရောင်ပြန်ပြား (Hologram)ဆိုင်ရာ အချက်အလက်များ၊ ပုံစံနမူနာများနှင့်အတူ အရောက်ပေးပို့ တင်သွင်းရမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန(ရုံးချုပ်)၊ မြေယာစီမံခန့်ခွဲရေးဌာနခွဲ၊ တယ်လီဖုန်းအမှတ် ၀၆၇-၄၁၀၃၀၄၊ ၀၆၇-၄၁၀၂၉၁ များသို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ရုံးအမှတ်(၁၅)၊ နေပြည်တော်

ရွှေနဂါး
ကျိုက်ထီးရိုး-10000/-
ချောင်းသာ -13000/-
ကားထီးရောင်းသည်။
Ph.209077, 209388, 09-73167000

ရွှေထိပ်တန်း
ချောင်းသာ
ငွေဆောင်
01-701015, 09-5403844
01-710436, 09-5044830

မြန်မာစာတကယ်ရေးတတ်ချင်၊ စတ်တတ်ချင်သူများအတွက်
"နာဂသိန်စာစီစာကုံးပေါင်းချုပ်"
မြန်မာ့ရှိရေး - ချပ်စာအုပ်တိုက်၊ အမှတ်(၂၁၂)၊ ၃၂-လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၃၈၅၅၉၇၊ ၀၉၇၄၂၀၃၀၃၂

ဒေါ်စံစံဝင်း[၁၁/စတန(နိုင်)၀၁၀၅၉၇]နှင့် အများသိစေရန်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ အမှတ်-၁၇၃၇ (ရွှေမိုးစံစတိုး)နှင့် အမှတ် ၄/ဂ(B)(ပန်းမြို့တော်စတိုး)တို့အား ပိုင်ဆိုင်နေထိုင်သူ ဦးမောင်မောင်ရွှေက ကြေညာအပ်ပါသည်။

ဦးမောင်မောင်ရွှေနှင့် ဦးကြွင်းလှအောင်-ဒေါ်လှမြသာတို့၏သမီးဖြစ်သူ ဒေါ်စံစံဝင်းတို့သည် ၁၉၉၄ ခုနှစ်မှစ၍ ယနေ့တိုင် တရားဝင်ဇနီးမောင်နှံအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ပါသည်။

ထို့ကြောင့် ဦးမောင်မောင်ရွှေတို့ ဇနီးမောင်နှံပိုင်ဆိုင်သော ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများအပေါ် ဒေါ်စံစံဝင်းအပါအဝင် မည်သူတစ်ဦးတစ်ယောက်ကမျှ ဦးမောင်မောင်ရွှေ သိရှိသဘောတူညီခြင်းမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ချေးငှားခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းစသည်တို့ကို ပြုလုပ်ဆောင်ရွက်ခြင်းမပြုရန် တားမြစ်အပ်ပါသည်။

ထို့ပြင် ဦးမောင်မောင်ရွှေတို့ ဇနီးမောင်နှံ၏ အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေးတို့တွင် အဆင်ပြေမှုမရှိစေသည့် ကိစ္စများ၌ ပါဝင်ပတ်သက်ခြင်း၊ ဝင်ရောက်နှောင့်ယှက်ခြင်း၊ အားပေးအားမြှောက်ပြုခြင်း၊ ကူညီဆောင်ရွက်ပေးခြင်းတို့အား ပြုလုပ်နေသူများသည် ယနေ့မှစ၍ ဆက်လက်ဆောင်ရွက်ခြင်းမပြုရန် သတိပေးတားမြစ်အပ်ပါသည်။

ယခုကဲ့သို့ တားမြစ်ထားပါလျက် ဆက်လက်ဆောင်ရွက်လျှင် ဦးမောင်မောင်ရွှေအနေဖြင့် ဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးမောင်မောင်ရွှေ
[၁၂/ကမရ(နိုင်)၀၀၈၀၇၉]

Y.E.S. Since 1994
English Language Centre
ကျောင်းခွဲမရှိပါ
TOEFL
Mon to Thurs - 5:30 - 7:00pm 18 Feb
နွေရာသီကလေးများအတွက်
အင်္ဂလိပ်စကားပြောသင်တန်းများ
LEVELS I, II & III
MON TO THUR - 7:30 - 9:30AM 18.3.2013
No.190, 2nd Flr.,28th St.(Upper), Pabedan Tsp. ☎ 243950

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
CANTER FREEZER BOX TRUCK 2004 MODEL
ခေါင်းကျယ်၊ မြေပါက်တန်ကြီး၊ ၁၃ ပေ၊ ယာယီနံပါတ်၊ ကားအလွန်သန့်
၂၅၀ သိန်း/ ညှိနိုင်း။ Ph: 09-73081696

THE
ENGLISH LANGUAGE CENTRE
Grade 3 to 9
မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ & Drawing
Summer English (Age 7-13)
09-73107020

အားကစား

ကျူပီအာနှင့်ပွဲစဉ်အထိ ပေါလ်စခိုး ပါဝင်နိုင်မည်မဟုတ်ကြောင်း ဖာဂူဆန် ပြောကြား

မန်ယူအသင်း၏ ဝါရင့်ကွင်းလယ်ကစားသမား ပေါလ်စခိုးသည် ဒူးဒဏ်ရာရရှိခဲ့ခြင်းကြောင့် မန်ယူအသင်း၏ ရီးယဲလ်မက်ဒရစ်အိမ်ကွင်းသို့ သွားရောက်ကစားခဲ့ရသော ချန်ပီယံလိဂ်(၁၆)သင်းအဆင့် ရှုံး/ထွက်ပြိုင်ပွဲ ပထမအကျော့တွင် ပါဝင်ကစားနိုင်ခဲ့ခြင်းမရှိခဲ့ပေ။

ကွင်းလယ်ကစားသမား ပေါလ်စခိုးသည် ဒူးဒဏ်ရာပြင်းထန်မှုရှိသောကြောင့် ဖေဖော်ဝါရီ ၁၈ ရက်တွင် ရီးဒင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် မန်ယူအသင်း၏ အက်ဖ်အေဖလားပွဲစဉ်တွင်လည်း ပါဝင်ကစားနိုင်လိမ့်မည်မဟုတ်ကြောင်း မန်ယူအသင်းနည်းပြ ဆာအဲလက်စ်ဖာဂူဆန်က ပြောကြားခဲ့သည်။

ထို့အပြင် ပေါလ်စခိုး၏ ဒူးဒဏ်ရာသည် အနည်းဆုံးသီတင်းနှစ်ပတ် ဆက်လက်အနားယူရဦးမည်ဖြစ်၍ ကျူပီအာအသင်း၏ အိမ်ကွင်းသို့ သွားရောက်ကစားရမည့် မန်ယူအသင်း၏ ပရီမီယာလိဂ်ပွဲစဉ်(၂၇)အထိ ပါဝင်လာရန် မသေချာသေးကြောင်းနှင့် သီတင်းနှစ်ပတ်အတွင်း ဒူးဒဏ်ရာမှာ ပြန်လည်သက်သာလာကာ အသင်းတွင်ပါဝင်ကစားနိုင်ရေး အခြားသောကုသမှုများလည်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မန်ယူအသင်းနည်းပြ ဆာအဲလက်စ်ဖာဂူဆန်က ထုတ်ဖော်ပြောကြားခဲ့သည်။

မန်ယူအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့ တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်ခဲ့သည့် ချန်ပီယံလိဂ်(၁၆)သင်းအဆင့် ရှုံး/ထွက်ပွဲစဉ် ပထမအကျော့တွင် ပေါလ်စခိုးမပါဝင်နိုင်ခဲ့၍ အသင်းအတွက်လိုအပ်ချက်အချို့ရှိခဲ့သော်လည်း ယင်းပွဲစဉ်တွင် အကောင်းဆုံးလက်စွမ်းပြကာ ရီးယဲလ်မက်ဒရစ်ကစားသမားများ၏ ဂိုးပေါက်ခြိမ်းခြောက်မှုများကို အကောင်းဆုံးဟန့်တားနိုင်ခဲ့သည့် ဂိုးသမားဒီဂီယာကိုလည်း ဖာဂူဆန်က ချီးကျူးစကားဆိုခဲ့သည်။

ဒီအန်ဝှိုက်ဟတ်အား စာချုပ်သစ်ချုပ်ဆိုရန် ဆွေးနွေးမည်

နိုင်လင်းကြည်

စတုတ်စီးတီးအသင်းမန်နေဂျာ တွန်နီပူးလစ်သည် ယခုနှစ်ဘောလုံးရာသီကုန်ချိန်တွင် အသင်း၏ကွင်းလယ်ကစားသမား ဒီအန်ဝှိုက်ဟတ်အား စာချုပ်သစ်တစ်ရပ်ချုပ်ဆိုနိုင်ရေးအတွက် ဆွေးနွေးမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အသက်(၃၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဝှိုက်ဟတ်အနေဖြင့်မူ ဇွန်လတွင် ၎င်း၏စတုတ်စီးတီးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်၍ ထွက်ခွာလိုပါက ထွက်ခွာနိုင်သည့်အခွင့်အရေးရှိကြောင်း ပြောကြားခဲ့သည်။ သို့ရာတွင် စတုတ်စီးတီးအသင်းမန်နေဂျာ တွန်နီပူးလစ်ကမူ ကွင်းလယ်ကစားသမားဝှိုက်ဟတ် အသင်းတွင် ဆက်ရှိနေရေးဆွေးနွေးသွားမည်ဟု ဆိုသည်။ ထို့အပြင် ကွင်းလယ်ကစားသမား ဝှိုက်ဟတ်အား စတုတ်စီးတီး၌ လေးနှစ်ဆက်ရှိနေရေးဆိုင်ရာ စာချုပ်သက်တမ်းတိုးရေး ကိုင်တွယ်ဖြေရှင်းမှုကို အလျင်စလိုလုပ်ဆောင်သွားမည်မဟုတ်ကြောင်း တွန်နီပူးလစ်က ဆိုသည်။

အသင်းအတွက် အမှတ်ပေးဖလားပြိုင်ပွဲနှင့် ရှုံး/ထွက်ဖလားပြိုင်ပွဲ ၁၅၀ အထိ ပါဝင်ကစားပေးခဲ့ပြီးဖြစ်သော ကွင်းလယ်ကစားသမား ဝှိုက်ဟတ်အား စတုတ်စီးတီးအသင်းအနေဖြင့် ယခင်က စာချုပ်သစ်ချုပ်ဆိုရေးဆွေးနွေးရန် မအောင်မြင်ခဲ့သော်လည်း လက်ရှိတွင်မူ စတုတ်စီးတီးအသင်းမန်နေဂျာ တွန်နီပူးလစ်အနေဖြင့် ဝှိုက်ဟတ်အား စာချုပ်သစ်ထပ်တိုးချုပ်ဆိုရန် အသင့်ရှိနေသည်ဟု ဆိုသည်။

ကမ္ဘာ့အကောင်းဆုံးကစားသမားအဖြစ် တင်စားထိုက်သည့် ဂါရတ်ဘေးလ်

အာဆင်နယ်အသင်းမန်နေဂျာ အာစင်ဝင်းဂါးသည် စပါးတောင်ပံကစားသမား ဂါရတ်ဘေးလ်အား ယခင်က ကမ္ဘာ့အကောင်းဆုံးကစားသမားအဖြစ် တင်စားရန်မှာ စောလွန်းနေသေးကြောင်း ပြောကြားခဲ့သော်လည်း လက်ရှိတွင် ကမ္ဘာ့အကောင်းဆုံးကစားသမားတစ်ဦးအဖြစ် သတ်မှတ်ရတော့မည်ဖြစ်ကြောင်း ဝန်ခံပြောကြားခဲ့သည်။

အသက်(၂၃)နှစ်အရွယ်ရှိ တောင်ပံကစားသမား ဂါရတ်ဘေးလ်သည် ဗိုင်းဟတ်လိန်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် စပါးအသင်းနှင့် လိုင်ယွန်အသင်းတို့၏ ယူရိုပါလိဂ်ပွဲစဉ်တွင် ဂါရတ်ဘေးလ်၏ စံချိန်တင်ဖရီးကစ်ဂိုးဖြင့် လိုင်ယွန်အသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် ဗိုင်းဟတ်လိန်းတွင် အောင်ပွဲခံနိုင်ခဲ့သည်။



ဝေးလ်တောင်ပံကစားသမား ဂါရတ်ဘေးလ်သည် ကလပ်အသင်းနှင့် နိုင်ငံအသင်းအတွက် နောက်ဆုံးကစားခဲ့သည့် ငါးပွဲတွင် ခုနစ်ဂိုးအထိ စံချိန်တင်သွင်းယူပေးခဲ့ပြီးနောက် ကမ္ဘာ့အကောင်းဆုံးကစားသမားများဟု သတ်မှတ်ထားသော ဘာစီလိုနာအသင်းမှ ဘောလုံးမှော်ပညာရှင်လေး လီယွန်နယ်မက်ဆီနှင့် ရီးယဲလ်မက်ဒရစ်အသင်းမှ ပေါ်တူဂီစူပါစတား စီရိုနယ်လ်ဒိုတို့နှင့် နှိုင်းယှဉ်ရတော့မည့် ကစားသမားတစ်ဦးဖြစ်လာကြောင်း သတင်းတွင် ဖော်ပြထားသည်။

ဂါရတ်ဘေးလ်သည် ၂၀၀၅ ခုနှစ်က စပါးအသင်းသို့ မပြောင်းရွှေ့မီ အာဆင်နယ်အသင်းမန်နေဂျာ အာစင်ဝင်းဂါး၏ ပစ်မှတ်ဖြစ်ခဲ့ရပြီး နောက်ဆုံးတွင် ဂါရတ်ဘေးလ်ကို မခေါ်ယူနိုင်ခဲ့၍ သီယိုဝဲလ်ကော့အား ခေါ်ယူခဲ့သော်လည်း ယခုထက်တိုင် ဂါရတ်ဘေးလ်ကို စိတ်ဝင်စားနေသည်ဟု ဆိုသည်။

မွေးနေ့မင်္ဂလာဆုမွန်လွှာ

ဒေါက်တာ အောင်ကိုကို

[လ/ထညွှန်ကြားရေးမှူး(စီမံ/ငွေစာရင်း)၊ ရန်ကုန်တိုင်းဒေသကြီး]

ရိုသေလေးစားစွာဖြင့် ချစ်ခင်ရပါသောဆရာကြီး၏ ၁၇-၂-၂၀၁၃ ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ ချစ်သောမိသားစုနှင့်အတူ လိုအင်ဆန္ဒများပြည့်၍ ချမ်းမြေ့ပါစေ။ စိတ်သွားတိုင်းကိုယ်ပါပြီး လောကီ၊ လောကုတ္တရာနှစ်ဖြာအကျိုးအောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ရိုသေလေးစားချစ်ခင်စွာဖြင့်

ဆရာ/ဆရာမများ

အထက(၁)ဒဂုံ

ဆောင်းနှင့်စိုး မွေးနေ့ဆုတောင်းကဗျာ

“ဆောင်း” မှ “ဝင့်” လာ
“သံစဉ်” သာနှင့်
မာလာ “စိုးပြည့်”
လေပြေဝှေ့သော်
မမေ့စောင်းကြိုး
“သံစဉ်” နိုးခဲ့
ဖွံ့ဖြိုးသာယာ
ပြည်မြန်မာရေး
ဆောင်ရွက်ပေးသည့်
မြေးလေးရတရာ
ဖြစ်စေပါ---
ဘဘကြီး ဒေါက်တာညိုအောင်နှင့်ဘွားဘွား ကြီးတုတ်
နေပြည်တော်၊ ပျဉ်းမနား

ရောင်းရန်

၁။ မ/ဥက္ကလာပမြို့နယ်၊ဝေဘာဂီမှ လုံးချင်းတိုက်(နှစ်)လုံး
၂။ မင်္ဂလာဒုံမြို့နယ်၊ ခရေပင်(၃)မှ ROW HOUSEအခန်း(၁)ခန်း

ပြင်ဆင်ပြီး၊ ပိုင်ရှင်ကိုယ်တိုင်

ဖုန်း-၀၉-၅၀၁၉၇၈၅
၀၁-၃၈၆၆၀၃

MYANMAR PAGODA CAR RENTAL

ကားမျိုးစုံကို လချုပ်၊ အချိန်ပိုင်း ငှားသည်။ ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။ အမှတ်(၈)၊ ရွှေနှင်းဆီလမ်း၊ မနှဲလက်ဆောင်းရပ်ကွက်၊ စမ်းချောင်း၊ ရန်ကုန်။ဖုန်း-၀၁-၅၁၈၃၅၂၊ ၀၉-၄၃၀၈၈၈၀၁၊ ၇၃၀၇၇၀၂

ကုန်အမှတ်တံဆိပ်သတိပေးကြေညာ ချက်

စစ်ကိုင်း၊ ပဲခူးနှင့်ရန်ကုန်တိုင်းဒေသကြီးတို့အတွင်း တရားမဝင်သစ်စက်၊ သစ်နှင့်ကားများ ဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် သစ်တောဦးစီးဌာနမှ တရားမဝင်သစ် ဖမ်းဆီးရေးအဖွဲ့သည် ဖေဖော်ဝါရီ ၇ ရက်တွင် အင်းတော်မြို့နယ် ဂဟဲကြိုးဝိုင်း အကွက်အမှတ်(၁၄)အတွင်းမှ တရားမဝင် ကျွန်းသစ် ၃ ဒသမ ၃၇၂ တန်၊ သစ်စက်အင်ဂျင် တစ်လုံး၊ လွှဝိုင်း တစ်ဝိုင်း၊ ဆက်စပ်ပစ္စည်းလေးမျိုးနှင့်အတူ သစ်/စက်ပိုင် ဦးဟန်ညွန့် နန်းကင်ရွာအား ဖမ်းဆီးရမိပြီး သစ်တောဥပဒေပုဒ်မ ၄၂(ဂ)၊ ၄၃(က) အရ အရေးယူဆောင်ရွက်ထားကြောင်း သိရှိရသည်။

အလားတူ ဖေဖော်ဝါရီ ၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရန်ကုန်- မန္တလေး ဒဂုံမန်းကားလမ်းအဟောင်း မိုင်တိုင်အမှတ်(၈၅/၄)အနီး၌ တိမ်းမှောက်နေသော ယာဉ်အမှတ် လ/..... တီအီးခြောက်ဘီး အပြာရောင်ယာဉ်မှ တရားမဝင် ကညင်ခွဲသား ၂၇ ချောင်း (၂ ဒသမ ၃၆၂၆)တန်၊ ကောင်းမှုခွဲသား ၄၄ ချောင်း (၃ ဒသမ ၉၇၀၄)တန် စုစုပေါင်း ၆ ဒသမ ၃၃၃ တန်နှင့်အတူ ယာဉ်နောက်လိုက် ဦးအောင်ကိုဦးအား ဖမ်းဆီးရမိပြီး ၎င်းမှာ ဒဏ်ရာရသဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ တင်ထားရ၍ ကျန်သုံးဦးမှာ သေဆုံးသွားကာ ဥပဒေအရ အရေးယူနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရှိရသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်မှ သစ်တောဝန်ထမ်းများနှင့် ရဲတပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၂ ရက်တွင် ရန်ကုန်-မန္တလေး အမှတ်(၁) လမ်းမကြီးနှင့် လှည်းကူး-ဖောင်ကြီးလမ်းဆုံ၌ တရားမဝင် ကျွန်းပါကေး (အကြမ်းတုံး)အချောင်း ၉၉၀ (သုည ဒသမ ၁၀၉၄)တန် တင်ဆောင်လာသည့် ယာဉ်အမှတ် လ/..... Toyota Masterace ယာဉ်နှင့်အတူ ယာဉ်မောင်း/ပစ္စည်းပိုင်ရှင် ဦးတင်ဦး (ဘ) ဦးတင်မောင် အမှတ်-၁၀၅၄ မြပုလဲသွယ်လမ်း (၅၇)ရပ်ကွက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရန်ကုန်မြို့၊ ယာဉ်ပေါ်ပါသူ ဦးစန်းလှိုင် (ဘ) ဦးစောလှိုင် အမှတ်-၅၁ မင်းနန္ဒလမ်း မြို့ဟောင်း အနောက်ရပ်ကွက် သန်လျင်မြို့၊ ဦးကြည်ဝင်း (ဘ) ဦးကျော်မြင့် အမှတ်-၁၆၈ (၆လွှာ) မင်္ဂလာလမ်း ကျောက်မြောင်းတို့အား ဖမ်းဆီးရမိပြီး လှည်းကူးမြို့ရဲစခန်း၌ ပြည်သူပိုင်ပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၆(၁)အရ အရေးယူနိုင်ရန် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးနှင့် လှည်းကူးမြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများသည် ရန်ကုန်-မန္တလေးလမ်းမကြီး မိုင်တိုင်အမှတ် (၁၂/၆)အနီးတွင် ရန်ကုန်ဘက်သို့ ဦးတည်ရပ်ထားသော ယာဉ်အမှတ်မပါ Nissan UD (၁၀)ဘီး ယာဉ်တစ်စီးအား မသင်္ကာဖွယ်တွေ့ရှိရသဖြင့် ဖွင့်ဖောက်စစ်ဆေးရာ တရားမဝင် ကျွန်းခွဲသားအချောင်း ၁၂၀ (၇ ဒသမ ၇၇၇၂)တန်ကို ဖမ်းဆီးရမိပြီး ငါးဆူတောင် ရဲစခန်း၌ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်၊ ယာဉ်ပိုင်ရှင်၊ သစ်ပိုင်ရှင်တို့အား ပြည်သူပိုင်ပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေ ၆(၁)အရ စုံစမ်းဖော်ထုတ်အရေးယူနိုင်ရန် အမှုဖွင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံတကာ သတင်းဂျာနယ်
INTERNATIONAL NEWS JOURNAL
ထွက်ပြီ
ကြော်ငြာနှင့် ဖြန့်ချိရေး ဖုန်း - ၂၉၁၈၁၃၊ ၂၉၂၈၁၃၊ ၂၉၉၄၂၈

မိုင်းနောင် အက်စ်ကွေ့တွင် နှစ်ရက်ဆက်တိုက် ဓားပြတိုက် ၁၂ ရက်အတွင်း သုံးကြိမ်မြောက် ဓားပြတိုက်မှုဖြစ်ပွား

မိုင်းနောင် ဖေဖော်ဝါရီ ၁၆

မိုင်းနောင်မြို့မှ တောင်ကြီးဘက်အထွက် လဲချားလမ်းမကြီး မိုင်တိုင်အမှတ် (၃၈/၀) နှင့် (၃၉/၀) ကြား မိုင်းနောင်မြို့နှင့် ခုနစ်မိုင် ကွာဝေးသော အက်စ်ကွေ့နေရာ၌ ဖေဖော်ဝါရီ ၈ရက်တွင် ကိုယ်ပိုင်ယာဉ် (4 WD)တစ်စီးနှင့် အငှားယာဉ် ဗင်နှစ်စီးအား ရပ်ဖျက်ထားသော ဓားပြအဖွဲ့က တူမီးသေနတ်ဖြင့် ပစ်ခတ်ပြီး ငွေကြေးများ လုယက်ယူဆောင်သွားသည့် ဓားပြမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယခုတတိယမြောက်ဖြစ်စဉ်မှာ ယင်းနေ့ညနေ ၃နာရီခွဲခန့်တွင် တောင်ကြီး-မိုင်းရှူး အမြန်ယာဉ်ယဉ် (ရိုးမချယ်ရီ)လိုင်းမှ ယာဉ်မောင်း သားထွေး မောင်းနှင်လာသော ယာဉ်အမှတ် ၁က/...(ဗင်)နှင့် 'ရွှေကြားဖြူ' ယာဉ်ငယ်လိုင်းမှ ယာဉ်မောင်း ကိုပေသားကြီး မောင်းနှင်လာသော ယာဉ်အမှတ် ၆က/...(ဗင်) နှစ်စီးသည် ခရီးသည်များတင်ဆောင်လျက် တောင်ကြီးမှ မိုင်းရှူးသို့ ထွက်ခွာလာစဉ် မိုင်းနောင်အက်စ်ကွေ့အရောက်တွင် ရုပ်ဖျက်ထားသော

မျက်နှာကိုယ်စီ အိုးမည်းသုတ်၊ အားလုံးရှမ်းဘောင်းဘီဝတ်၊ တူမီးသေနတ် ကိုင်ဆောင်ထားကြသော ဓားပြအဖွဲ့လေးဦး (ရှေ့တွင် လေးဦးသာဖော်ပြပြီး နောက်မှချုံထဲတွင် ဘယ်နှဦးရှိမှန်း မသိရ) အဖွဲ့က ကားကိုရပ်တန့်ခိုင်းပြီး ကားနှစ်စီးစလုံးအား လမ်းအတွင်းဘက် (တောထဲ)သို့ မောင်းဝင်စေခဲ့ကြောင်း၊ ထို့နောက် ယာဉ်မောင်းနှင့် ခရီးသည်များထံမှ ငွေသားများ လုယက်ယူဆောင်သွားခဲ့ကြောင်း သိရသည်။ ယာဉ်မောင်း ပေသားကြီးက "ကျွန်တော် မိုင်းရှူး-တောင်ကြီးလမ်းမှာ ကားမောင်းလာတာ ဆယ်စုနှစ် နှစ်ခုကျော်နေပြီ၊ ဒီအက်စ်ကွေ့မှာ ဓားပြတိုက်တာ ကိုယ်တိုင်လည်းမကြာခဏကြုံဖူးပါတယ်၊ အမှန်ပြောရရင် ဒီအကွေ့ရောက်မှာကို ကားသမားတိုင်းကြောက်ကြတယ်၊ စိတ်မထင်ရင် မထင်သလို သေနတ်နဲ့ ပစ်တာဆိုးတယ်၊ အဲ့ဒီလို အသက်သေမှာကြောက်တာနဲ့ သူတို့ပြုသမျှ နုခဲ့ရတာချည်းပဲ၊ ကျွန်တော်တို့ ကားသမားတွေနဲ့ ခရီးသည်တွေရဲ့ ဒုက္ခ၊ သောကတွေကို သက်ဆိုင်ရာတာဝန်ရှိသူတွေက အမြန်ဆုံးဖြေရှင်းပေးပါလို့ တောင်းဆိုလိုတယ်၊ အခုတောင် ဒီလိုအုပ်စုဖွဲ့ပြီး ဒီလောက်ရဲတင်းဆိုးရွားနေကြတာ၊ အချိန်မီမဖြေရှင်းပေးနိုင်ရင်တော့ ဒီထက်အင်အားပိုများလာနိုင်တယ်၊ အခြေအနေလည်း ပိုဆိုးလာနိုင်ပါတယ်" ဟု အမြန်ယာဉ်ယဉ်လိုင်းမှ ယာဉ်မောင်းတစ်ဦးက သူ့ခံစားချက်ကိုပြောသည်။ **စိုင်းတင်ဦး (ရှမ်း/တောင်)**

သစ်ချာ ဦးအောင်သောင်း
၂တန်း မှ ၁၀တန်းအထိ သင်္ချာ တစ်ဘာသာတည်း သင့်သင့်
(၇၀) တ-ထဝ် ကိုလ်ဆွန်ပတ်တမ်း ၊ မန်းဘဲတန်း
ဖုန်း - 09 5192923 ၊ 01 246108

ရွှေဥဒေါင်းမင်း 09421152677, 09421122687
ပုသိမ်၊ ဖုတ်(ဗွယ်တော်ဆေး)၊ မန္တလေး 55000

GOLDEN STAR Travels & Tours
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (သောကြာ)
Ph: 209200, 544383, 430480, 703448, 09-5046000

ဝါရွှေစင်(ပိုးထည်တိုက်) ဆိုင်သစ်ထပ်မံဖွင့်လှစ်ခြင်း

ဝါရွှေစင်(ပိုးထည်တိုက်)၊ ဆိုင်အမှတ်(၄)အား အမှတ်(၃၉)၊ လမ်းသစ်လမ်း၊ လမ်းမတော်မြို့နယ်တွင် ၂၄-၂-၂၀၁၃ ရက် (တနင်္ဂနွေနေ့)တွင် ထပ်မံ၍ စတင်ဖွင့်လှစ်တော့မည်ဖြစ်ပါကြောင်း ဝါရွှေစင်(ပိုးထည်)၏ မိတ်ဟောင်းမိတ်သစ်များကို ကြိုတင်အသိပေး သတင်းကောင်းပါးအပ်ပါသည်။ အားပေးမှုကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

ဆိုင်(၁) မြေအမှတ်(၁၇)၊ မြခွာညို(၁)လမ်း၊ မြခွာညိုအိမ်ရာ(ယုဇန)၊ သာကေတမြို့နယ်။
ဖုန်း-၀၁-၅၅၃၁၆၈၊ ၀၁-၇၀၇၆၂၀၊ ၀၉-၅၁၄၃၀၄၄

ဆိုင်(၂) အမှတ်(၁၂၅/C)၊ အနောက်ရွှေဂုံတိုင်လမ်း၊ "ယုဇန"ဟိုတယ်ရှေ့၊ ဗဟန်းမြို့နယ်။
ဖုန်း-၀၉-၆၅၆၅၂၂၇၊ ၀၉-၄၉၃၄၄၅၅၃၊ ၀၉-၄၉၃၄၄၅၅၆

ဆိုင်(၃) အမှတ်(၉-A)၊ သစ္စာလမ်းမကြီး၊ ရန်ကင်းမြို့နယ်။
ဖုန်း-၀၁-၅၇၁၂၁၆၊ ၀၁-၅၆၄၅၆၅၊ ၀၉-၄၃၀၂၃၈၂၂

ဆိုင်(၄) အမှတ်(၃၉)၊ လမ်းသစ်လမ်း၊ လမ်းမတော်မြို့နယ်။
ဖုန်း-၀၉-၄၂၀၀၀၆၅၂၅၊ ၀၉-၄၉၂၁၄၄၈၇၊ ၀၉-၄၉၂၁၄၄၈၉

အထက်မြန်မာပြည်သတင်း

တိုင်းရင်းသားလူမျိုးများ ဈေးရောင်းပွဲတော် နိုင်ငံခြားသားများ လာရောက်မှတ်တမ်းတင်

မန္တလေး ဖေဖော်ဝါရီ ၁၆

(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဒုတိယအကြိမ် တိုင်းရင်းသားလူမျိုးများ ဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၉ ရက်မှ ၁၁ ရက်အထိ မန္တလေးမြို့ (၃၅)လမ်း၊ (၆၆)လမ်းနှင့် (၆၈) လမ်းကြားရှိ ရှမ်းတိုင်းရင်းသားများ သာရေးနာရေးအသင်းတို့၌ ကျင်းပခဲ့ရာ နိုင်ငံခြားခရီးသွားဧည့်သည်အများအပြား လာရောက်လေ့လာမှတ်တမ်းတင်ခဲ့ကြသည်။**(ယာပုံ)**

တိုင်းရင်းသားများက မိမိတို့၏ ရိုးရာဝတ်စုံများ ဝတ်ဆင်ကာ ဧည့်ဝတ်ပြုကြိုဆိုကြရာ မြေပြန့်မန္တလေးတွင် ကြုံတောင့်ကြုံခဲဖြစ်သဖြင့် မန္တလေးနှင့် နယ်အသီးသီးမှ ဧည့်သည်များသာမက နိုင်ငံခြားခရီးသွားဧည့်သည်များကပါ တွဲဖက်ဓာတ်ပုံရိုက်ကြသည်။ အဆိုပါ တိုင်းရင်းသားလူမျိုးများ ဈေးရောင်းပွဲတော်တွင် ကချင်၊ ကယား၊ ကရင်၊ ကိုးကန့်၊ ချင်း၊ တအောင်း (ပလောင်)၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း၊ ရှမ်းနီ အစရှိသည့် တိုင်းရင်းသားအဖွဲ့များ ပါဝင်ကြပြီး ရှားရှားပါးပါး ကယန်းလူမျိုးများလည်း ပါဝင်သည်။ ရိုးရာအသုံးအဆောင်ပစ္စည်းများ၊ ရိုးရာအဝတ်အထည်များ၊ ရိုးရာအစားအစာများ ပြသရောင်းချသည့် ပြခန်း ၄၀ ကျော်ပါဝင်ကာ ရိုးရာပဒေသာကပွဲများလည်း တိုင်းရင်းသားများက မိမိတို့၏ ရိုးရာအကများဖြင့် ညစဉ် ၆ နာရီမှစတင်ကာ ဖျော်ဖြေကြသည်။

တိုင်းရင်းသားလူမျိုးများက မိမိတို့ချစ်ခင်မြတ်နိုးသည့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ပြသပြီး မပျောက်မပျက်ရလေအောင် အမြဲထိန်းသိမ်းစောင့်ရှောက်နိုင်ရန်၊ တိုင်းရင်းသားလူမျိုးများအချင်းချင်း ပိုမိုနားလည်မှုရှိခြင်း၊ အပြန်အလှန်လေးစားခြင်း၊ ကူညီရိုင်းပင်းခြင်းအခြေခံသည့် ပြည်ထောင်စုစိတ်ဓာတ်အမြဲကိန်းအောင်းနေရန်၊ တိုင်းရင်းသားလူမျိုးများ ဥမကွဲ သိုက်မပျက်အေးချမ်းစွာ အတူယှဉ်တွဲနေထိုင်ပြီး ပြည်ထောင်စုကြီး အမြဲရှင်သန်နေရန်ဟူသော ရည်ရွယ်ချက်များဖြင့် တိုင်းရင်းသားလူမျိုးများ ဈေးရောင်းပွဲတော်အားကျင်းပခဲ့ကြခြင်းဖြစ်သည်။

(၀၀၂)

ကျောက်ဆည်မြို့တွင် ဓာတ်အားဖြန့်ဖြူးမှုစနစ် တိုးတက်ကောင်းမွန်စေရေး ထရန်စဖော်မာ အသစ်တပ်ဆင်

ကျောက်ဆည် ဖေဖော်ဝါရီ ၁၆

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် အများပြည်သူများသို့ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသော ကြက်မင်းတွန်ရပ်ကွက် ၃၃ ကေဗွီ ကြက်မင်းတွန် ဓာတ်အားခွဲရုံတွင် (၃၃/၁၁) ကေဗွီ Switch Yard မြှင့်တင်ခြင်း၊ ၄၅ ပေ×ပေ၃၀ အကျယ်အဝန်းရှိ Control Building တည်ဆောက်ခြင်းနှင့် (၃၃/၁၁)ကေဗွီ (၁၀)အမ်ဗွီအေ ထရန်စဖော်မာအသစ်တစ်လုံးတပ်ဆင်ခြင်းတို့အား ဖေဖော်ဝါရီ ၉ ရက် မွန်းလွဲပိုင်းတွင် Plinth ပေါ်သို့ တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။**(ဝဲပုံ)**

ကျောက်ဆည်မြို့တွင် ယခင်က (၃၃/၁၁)ကေဗွီ (၁၀)အမ်ဗွီအေ ထရန်စဖော်မာ တစ်လုံးတည်းဖြင့်သာ ဓာတ်အားဖြန့်ဖြူးပေးခဲ့ရာမှ တိုးတက်လာသော လျှပ်စစ်မီးသုံးစွဲသူဦးရေအရ ထရန်စဖော်မာအသစ် တပ်ဆင်ပြီး ကြက်မင်းတွန် ဓာတ်အားခွဲရုံမှ (၃၃/၁၁) ကေဗွီ (၁၀)အမ်ဗွီအေ ထရန်စဖော်မာနှစ်လုံးဖြင့် (၂၀)အမ်ဗွီအေအထိ တိုးမြှင့်တည်ဆောက်နိုင်ခဲ့သဖြင့် အများပြည်သူသို့ လျှပ်စစ်ဓာတ်အား ယခင်ထက် ပိုမိုဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ထွန်းထွန်းနိုင်(ကျောက်ဆည်)

သစ်ပါးလွှာစက်ရုံဝန်ထမ်း ၃၂ ဦး ဂေါ်ဖီထုပ်သုပ်စားရာမှ အစာအဆိပ်သင့်

မုံရွာ ဖေဖော်ဝါရီ ၁၆

ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၆ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ထမံသီကျေးရွာအုပ်စု ယက်ဖကျေးရွာရှိ လပြည့်နဂါးကုမ္ပဏီပိုင် သစ်ပါးလွှာစက်ရုံမှ ဝန်ထမ်း ၃၂ ဦးအား နံနက်စာ ထမင်းကို ဂေါ်ဖီထုပ်သုပ်ဖြင့် ကျွေးမွေးခဲ့ရာ နံနက် ၈နာရီခန့်တွင် အစာအဆိပ်သင့်ခဲ့သဖြင့် ထမံသီတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ကုသခဲ့ရကြောင်း သိရသည်။ အစာအဆိပ်သင့်လူနာ ကျား ၁၇ ဦး၊ မ ၁၅ ဦးတို့အား ဆေးကုသပေးလျက်ရှိပြီး နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ထမံသီတိုက်နယ်ဆေးရုံတွင် ဆေးကုသမှုခံယူနေစဉ် မတင်တင်မြင့် (၂၂)နှစ် အိုးဘိုတောင်ရပ်ကွက် မုံရွာမြို့နေသူသည် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ မအိအိခိုင် (၁၈)နှစ် ကံသာကျေးရွာ မြင်းမူမြို့နယ်နေသူသည် ညနေ ၃ နာရီတွင် လည်းကောင်း သေဆုံးခဲ့ပြီး ကျော်မျိုးသူ (၁၈)နှစ် ကံသာကျေးရွာ မြင်းမူမြို့နယ်နှင့် ကျော်မျိုးအောင် (၁၆)နှစ် အိုးဘိုတောင်ရပ် မုံရွာမြို့နေသူတို့နှစ်ဦးမှာ စိုးရိမ်ရသဖြင့် ဟုမ္မလင်းမြို့နယ်ပြည်သူ့ဆေးရုံသို့ လွှဲပြောင်းကုသရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ထိုသို့ အစာအဆိပ်သင့်ရခြင်းမှာ ဂေါ်ဖီထုပ်တွင် ဖျန်းပက်ထားသော ပိုးသတ်ဆေးကို စင်ကြယ်အောင် ဆေးကြောခြင်း မရှိသည့်အတွက် ဖြစ်ကြောင်းနှင့် သတင်းဆက်စပ်မှုရှိသည်များကို ဆက်လက်စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

မျိုးဝင်းထွန်း (မုံရွာ)

နွေစပါးများ အချိန်မီစိုက်ပျိုးပြီးစီး

စစ်ကိုင်း ဖေဖော်ဝါရီ ၁၆

